mgyoe.com SAMPLE BOOK

# ချစ်

ထက်မြတ်နိုင်ဇင်

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်တဲ့စိတ်နဲ့
ချည်ခဲ့မိတာပါ မောင်ရယ်...
မောင်... မွန်းကျပ်အောင်
အနှောင်တွေနဲ့
မနှောင်ခဲ့ပါဘူး ...

# ထက်မြတ်နိုင်ရင်

ရည် /၃၅၀၀ ကျပ်

2 542979 031435

DESIGNED BY AUNG MOE

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၂ ခုနှစ်။

အုပ်ရေ - ၇၀၀

ထုတ်ဝေသူ - ဦးမင်းထက်ဟန်၊ (၀၂၇၇၄)

ပုံနှိပ်သူ - မျိုးမျိုး ပုံနှိပ်တိုက်၊ (၀၀၄၃၅)

မျက်နှာဖုံးပန်းချီ - အောင်မိုး

အတွင်းအပြင်အဆင်နှင့်

စာစစ် - ဇလပ်နီ

ဖြန့်ချိရေး - ဇလပ်နီစာပေ

၀၉၄၄၇၂၆၈၂၆၇ ၊ ၀၉၈၉၉၆၄၀၆၆၈

တန်ဖိုး - ၃၅၀၀ ကျပ်

၈၀၈.၈၄

ထက်မြတ်နိုင်ဇင်

ချည်၊ ထက်မြတ်နိုင်ဇင်၊ - ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၂။

စာ-၁၆၆ ၊ ၁၃.၉ × ၂၀.၇ စင်တီ

(၁) ချည်


mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာ

'ချည်' ဝတ္ထုဟာ ရုပ်ရှင်မှာ အောင်မြင်ခဲ့တဲ့ ဝတ္ထုတပုဒ် ဖြစ်ပါတယ်။ ထုံးစံက ဝတ္ထုထွက်လာပြီးမှသာ ရုပ်ရှင်ရိုက်လေ့ ရှိကြပေမယ့် အကြောင်း အမျိုးမျိုးကြောင့် ကျွန်မက ရုပ်ရှင်ရိုက်ပြီးမှ ထုတ်ဝေဖြစ်ပါတယ်။ အစက တော့ ကျွန်မ အနေနဲ့ ဝတ္ထု ပြန်မရေးတော့ဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ သူငယ်ချင်းတွေက တိုက်တွန်းလို့ရယ် ဒီလောက် အောင်မြင်ခဲ့တဲ့ ရုပ်ရှင်ကို ဝတ္ထုစာအုပ်အဖြစ် ရှိမနေဘူး ဆိုရင် နှမြောစရာ ကောင်းတယ်လို့ ကျွန်မရဲ့ ထုတ်ဝေသူကပါ ပြောတာနဲ့ ကျွန်မ ဝတ္ထု ပြန်ရေးဖို့ ဆုံးဖြတ်လိုက် တာ ဖြစ်ပါတယ်။

နောက်တခုက ရုပ်ရှင်ပြတဲ့အခါ ရုပ်ရှင်ဆိုတာ အချိန် အကန့် အသတ်နဲ့ ရှိနေတယ်။ ဒါကြောင့် ဇာတ်ညွှန်းမှာ ပါတဲ့ တချို့ဇာတ်ကွက်တွေကို ဖြတ်ချ ထားခဲ့ရတာမျိုးတွေ ရှိတယ်ပေါ့နော်။ အမှန်အတိုင်း ဝန်ခံရရင် စာရေးသူဟာ နှလုံးသားနဲ့ ခံစားပြီး ရေးဖွဲ့ထားတာမို့လို့ ဖြတ်ချထားခဲ့ရတဲ့ ဇာတ်ကွက်တွေကို နှမြောနေမိတာပေါ့လေ။ အဲဒါကြောင့် အခု ဝတ္ထုထဲမှာ တော့ ရုပ်ရှင်မှာ မပါတဲ့ ဇာတ်ကွက်နဲ့ အကြောင်းအရာတွေကို ထည့်ရေး ထားလို့ပြည့်ပြည့်စုံစုံ ဖတ်ရမှာပါလို့ ပြောချင်ပါတယ်။ကျေးဇူးတင်ပါတယ်ရှင်။

ထက်မြတ်နိုင်ဇင်



mgyoe.com

mgyoe.com SAMPLE BOOK

ချစ်တဲ့ စိတ်နဲ့ ချည်ခဲ့မိတာပါ မောင်ရယ် ...
မောင် မွန်းကျပ်အောင် အတ္တတွေနဲ့ မနှောင်ခဲ့ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

# (၁)

မြစ်၏ အနောက်ဘက်ပိုင်းတွင် တောင်မှ မြောက်သို့ သွယ်တန်းသွားသော လွိုင်ပဟိုထား တောင်ထိပ်မှ လှမ်းကြည့်လျှင် သံလွင်မြစ်သည် မျဉ်းဖြောင့်တကြောင်းလို ဖြောင့်တန်းစွာ ငြိမ်သက် စီးဆင်းနေသည်ကို တွေ့ရမည်။ သို့သော် လွိုင်ပဟိုထားတောင်သည် အမြင့်ပေ ၅၀၀၀ ကျော်ရှိသော တောင်ထိပ်မို့ တော်ရုံတန်ရုံ တက်ဖို့ မလွယ်ကူချေ။

တောင်ထိပ် မရောက်ခင် တောင်ကုန်းသေးပေါ်ကိုပင် မနည်းရောက်အောင် တက်ရ၏။ မြစ်နှင့် တောင်တန်း ပေါင်းဆုံထားသော သဘာဝအလှကို မြင်ရဖို့အတွက် တောင်ကုန်းထိပ်ပေါ်သို့ တက်လာသော ခြေနှစ်စုံသည် စည်းချက် ညီစွာ ယှဉ်တွဲလာ၏။ ထိုခြေထောက် နှစ်စုံတွင် လန်းဆန်းခြင်းများ၊ တက်ကြွခြင်းများနှင့် ပျော်ရွှင်ခြင်းများသည် လရောင်ခြည်တွေလို ဖြာထွက်နေ၏။

ထိုသူနှစ်ယောက်မှာ အခြားမဟုတ်။ ခွန်းဒနှင့် ငုရွှေဝါသွယ်တို့ပဲ ဖြစ်သည်။ အပြုံးချင်း ဖလှယ်ကြရင်း တက်ညီလက်ညီ တက်လာရာ နှစ်ယောက်သား ချွေးအနည်းငယ် စို့ရုံဖြင့် တောင်ကုန်းထိပ်သို့ ရောက်လာ၏။ တောင်ကုန်းထိပ် အရောက်တွင် ငုနှင့် ခွန်းဒက အဝေးကို ငေးမောကြည့်



mgyoe.com

mgyoe.com SAMPLE BOOK

လိုက်ရာ ရင်သပ်ရှုမောဖွယ် သဘာဝတရားသည် ကောင်းကင်ပြာပြာ အောက်တွင် အပူအပင် ကင်းစွာဖြင့် လဲလျောင်း အိပ်စက်နေ၏။ လှမ်းမြင် နေရသော သံလွင်မြစ်ထဲသို့ အနောက်ဘက်မှ စီးဝင်လာသော နမ့်ပွန်ချောင်း ကို ခပ်ရေးရေးလေး မြင်နေရ၏။ ထိုမှ မြစ်၏ အနောက်ဘက် ကမ်းပေါ်တွင် တည်ထားသော ရွာဘက်ဆီသို့ သွားသည့် ပြေပြစ်သော မြေသားလမ်း ကွေ့ ကွေ့ကောက် ကောက်လေးက လှပစွာ ရှိနေသည်။ အပေါ်က အုပ်မိုးထား သော ကောင်းကင်ပြာတွင် ညနေဆည်းဆာ ရွှေအိုရောင် တိမ်ပန်းခိုင်တွေက အဆုပ်လိုက် ပွင့်နေ၏။ ကောင်းကင်နှင့် သူတို့နှစ်ယောက်ကြား မည်သည့် အတားအဆီးမှ မရှိ၊ ပကတိ လွတ်လပ်နေသည်။ သဘာဝအလှတရားသည် သူတို့နှစ်ယောက်ကို တိတ်ဆိတ် ငေးစိုက်သွားအောင် ညှို့ယူနေသည်။ လတ်ဆတ်သော ပုစွန်ဆီရောင် လေပြည်များက သူတို့ အဆုတ်ထဲသို့ တိုးဝင်လာသည်။ တိုင်ပင် မထားပါဘဲ မျက်လုံး ကိုယ်စီပိတ် ခေါင်းမော့ကာ လေသန့်များကို အငမ်းမရ ရှူသွင်းရင်း နှုတ်ခမ်းများက အလိုလို ပြုံးနေလေ သည်။

ညနေဆည်းဆာ၊ အချစ်နှင့် သဘာဝတရားတို့သည် ငုနှင့် အတူရှိ နေပြီမို့ ငု အတွက် ဘာမျှ မလိုတော့ပေ။

"အား... အခုမှ အမောကို ပြေသွားတာပဲ"

ခွန်းဒက ပါးစပ်ကပင် ထုတ်ဖော်ပြောပြီး လေကို အဆုတ်ထဲ ရောက်အောင် တဝကြီး ရှူသွင်း လိုက်၏။ ငုက လည်ပင်းတွင် ဆွဲထားသော ကင်မရာကို အသာအယာ မယူကာ-

"အတော်ပဲ၊ ကိုကို ငုကို လက်ဆောင်ပေးထားတဲ့ ကင်မရာလေးနဲ့ ရှုခင်းအလှလေးတွေကို မှတ်တမ်းတင်ရမယ်"

"တင်စေဗျာ... စိတ်ကြိုက် ရိုက်ပါ"

"ရှုခင်းတွေတင် မဟုတ်ဘူး၊ ငုကိုလဲ အဲဒီ ရှုခင်းတွေနဲ့ တွဲပြီး ကိုကိုက ဓာတ်ပုံရိုက်ပေးရမယ်နော်"

"ရိုက်ပေးမှာပေါ့ဗျာ"

ခွန်းဒ၏ အကြင်နာသံပါသော အပြောကို ငုက သဘောကျ ကျေနပ်စွာဖြင့် ပြုံးသွားသည်။ ငုက ကင်မရာလေးဖြင့် ရှုခင်းများကို မှတ်


mgyoe.com

mgyoe.com
SAMPLE BOOK

တမ်း တင်၏။ ရှခင်းများကို ဓာတ်ပုံရိုက်၍ ဝသည့်အခါ ငုက ကင်မရာကို ခွန်းဒဆီ လှမ်းပေးရင်း 'ငုကို ဓာတ်ပုံရိုက်ပေး' ဟု ချွဲချွဲနွဲ့နွဲ့လေး ပြောလိုက်လေသည်။ ခွန်းဒက ငုကို ဓာတ်ပုံရိုက်ပေးသည်။ ကင်မရာ မှန်ဘီလူးထဲမှ မြင်ရသော ငု၏ လှပ သော ပုံရိပ်ကို ခွန်းဒ ငေးကြည့်နေမိသည်။ သိပ်လှသည့် ကောင်မလေးဟု စိတ်ထဲမှ အကြိမ်ကြိမ် သတိထားမိနေသည်။ ထိုကောင်မလေးက သူ့ကို ရှုးရှူးမူးမူး ချစ်နေသည်ဟု သူ ပြန်သိနေရသည့် ခံစားမှုသည် ယောကျ်ားတယောက် အနေဖြင့် သူ့ကို စိတ်သာယာမှုဆီသို့သာ တွန်းအားပေးနေ၏။ ငုက အိုက်တင် အမျိုးမျိုး လုပ်ကာ ဓာတ်ပုံ အရိုက်ခံသည်။

ညနေသည် တဖြည်းဖြည်း စောင်းလာ၏။ ပုစွန်ဆီရောင် နေလုံးကြီးက မိုးကုပ်စက်ဝိုင်း အစွန်းတွင် မေးတင်လျက် လက်ပြနှုတ်ဆက်နေလေပြီ။ အလင်းအားနည်းသွားသည့်အခါ လေက ပိုအေးလာသည်။

ခဏတဖြုတ် ထိုင်နေပြီးသည့်နောက် အလင်းအားနည်းနေပြီ ဖြစ်သော တောင်ကုန်းလေးမှ နှစ်ယောက်သား ပြန်ဆင်းဖို့ ပြင်ကြသည်။ ခွန်းဒက ရွာလမ်းလေးဘက်သို့ လက်ညှိုးထိုးပြရင်း သည်ဘက်ရောက်တုန်းလေး ရွာထဲ သွားကြည့်ရအောင်ဟု ငုကို ပြောသည်။

ထိုရွာလေးက ယင်းတလဲလူမျိုး အများစု နေထိုင်သော ဝမ်းအောင်းရွာ ဖြစ်သည်။ တောင်ပေါ်မှ နှစ်ယောက်သား ဆင်းလာကြစဉ် အလင်းရောင် အားနည်းနေပြီမို့ ငုက သစ်ငုတ်တခုကို ခလုတ်တိုက်ပြီး လဲကျမလို ဖြစ်သွား၏။ ခွန်းဒက အချိန်မီ ပွေ့ဖက် ထိန်းလိုက်သောကြောင့် ငု ချော်လဲမသွားပေ။ နွေးနွေးကလေးနှင့် ကျစ်လျစ်အိစက်သော ငု ကိုယ်လုံးလေးက ခွန်းဒ၏ ရင်ခွင်ထဲ ပုံခနဲ ကျလာသဖြင့် ခွန်းဒ၏ ရင်ခုန်သံသည် ကြယ်ကြွေသလို လက်ခနဲ ဖြစ်သွားသည်။ သူ့ဘဝတွင် ဇနီးဖြစ်သူ မူရာနှင့်သာ ရင်းရင်းနှီးနှီး နေခဲ့ဖူးပြီး တခြားမည်သည့် မိန်းမနှင့်မှ အထိအတွေ့ မရှိခဲ့ဖူးချေ။ ယခု ငုကို ထိတွေ့ရသည့် ရင်ခုန်မှုမျိုး မူရာ့ဆီမှ မရသည်မှာ ကြာလှပြီ။

ထို့ကြောင့် သူ့ရင်ခုန်သံသည် အသစ်ဖြစ်သည်။ သူ ငုအပေါ် သာယာနေမိပြီလား...။ သူ့ကိုယ်သူ ရေရေရာရာ မသိချေ။ မည်သို့ပင် ဖြစ်စေ သူ့အနား ငု ရောက်လာသည့် အချိန်မှ ယခုချိန်ထိ ငု အပေါ် စိတ်လှုပ်ရှား


mgyoe.com

mgyoe.com SAMPLE BOOK

မိသည်ကို သူ ဝန်ခံသည်။

"ငှ ရရဲ့လား"

"ရတယ် ကိုကို"

တောင်ပေါ်မှ မြင်ရသော ကွေ့ကွေ့ကောက်ကောက် ရွာအဝင်လမ်းလေးအတိုင်း လျှောက်လာကြ၏။ မြေနီလမ်းလေးက ဖြောင့်ဖြူးနေ၏။ အိမ်တိုင်းလိုလို သစ်သားကို ဖောဖောသီသီ သုံးပြီး ဆောက်ထားသည်။ အိမ်အဝင်ဝတွင် တောကောင်များ၏ ဦးခေါင်းခွံ၊ ချို စသဖြင့် ချိတ်ဆွဲထားသည်ကို ငှ သတိထားမိ၏။ ငှက ကင်မရာလေး ကိုင်ကာ တွေ့သမျှ ရှုခင်းကို မနားတမ်း ဓာတ်ပုံ ရိုက်သည်။ သူနှင့် ဝါသနာတူသော ငှကို ကြည့်ရင်း ခွန်းဒ စိတ်ထဲ ကျေနပ်သလိုလို ပျော်သလိုလို ခံစားနေရသည်။

လျှောက်လာရင်း ရွာထဲ ရောက်လာ၏။ အိမ်လေးတွေ စိစိရိရိနှင့် လမ်းပေါ်တွင် ကလေးတချို့ ကစားနေကြသည်။ ကစားနေသော ကလေးများသည် ညမှောင်သည့်တိုင်အောင် အိမ်ပေါ်ပြန်တက်မည့် အရိပ်အရောင် မရှိ။ ကလေး ချစ်တတ်သူ ငှက ညစ်ပတ် ပေတူးနေသည့် ကလေးလေးတွေကို ဓာတ်ပုံ ရိုက်သည်။ ငှ၏ ကျောပိုးအိတ်ထဲတွင် ဆောင်ယူလာသော သကြားလုံးများကို ကလေးတွေဆီသို့ ဝေပေး၏။ တိုင်းရင်းသား ကလေးလေးတွေမို့ မြို့ကြီးပြကြီးက ကလေးတွေလောက် မသွက်။ ငှ လှမ်းပေးနေသည်ကိုပင် မယူရဲဘဲ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်ပြီး ငှတို့ကို မျက်လုံးဝိုင်းလေးဖြင့် ပြန်ကြည့်နေသေး၏။ ကလေးတွေကို မြင်လျှင် ငှ မျက်လုံးများက အလိုလို ပြုံးနေတတ်သည်ကို ခွန်းဒ သတိထားမိသည်က ကြာလှပြီ။

ဘာကြောင့်ဆိုလျှင် ခွန်းဒနှင့် ငှတို့ ကယားပြည်နယ်တခွင် လည်ပတ်ကြသည်မှာ နှစ်လခန့် ရှိနေလေပြီ။ ကလေးလေးတွေ အများကြီးကိုလည်း တွေ့ဖူးကြသည်။ သည်ဒေသက ကလေးအများစုသည် ကျောင်းတက်သည့် ကလေးက ရှားသည်။ မိဘနှင့်အတူ လယ်လုပ်၊ ကိုင်းလုပ်ဖြင့် အချိန်ကုန်ကြသည်က များ၏။ အားချိန်ဆိုလျှင် ကလေးများက လမ်းပေါ်တွင်သာ ကစားပြီး ရေမချိုး၊ မိုးမချိုးဖြင့် သည်အတိုင်း အိပ်ရာထဲ တန်းဝင်တတ်၏။ အေးသော ဒေသမို့ တနေ့တခါ ရေချိုးခြင်းသည် သူတို့နှင့် စိမ်းလှသည်။ ငှသည် မည်မျှ ညစ်ပတ်ပေရေနေသည့် ကလေးကိုမဆို အနည်းဆုံး လက်


mgyoe.com

mgyoe.com SAMPLE BOOK

လေးတော့ ကိုင်ကာ နှုတ်ဆက်လေ့ရှိသည်။

နှပ်ချေး တွဲလောင်းကျနေသော ကလေးကို သူ့အိတ်ထဲမှာ အသင့်ပါလာသော တစ်ရှူးဖြင့် မရွံမရှာ သန့်ရှင်းပေးနေလေသည်။ ကလေးချစ်တတ်လွန်းသော ငုကို ခွန်းဒ သဘောကျစွာ ပြုံးကြည့်ရပြန်သည်။ ငုကတော့ မသိရှာ။ ကလေးတွေကိုသာ ယုယကြင်နာစွာ လုပ်ကိုင်ပေးနေ၏။ ထိုအချိန်မှာပင်-

"ဝုန်း"

သူတို့ အနီးအနားမှ အိမ်တလုံး ဝုန်းခနဲ မီးလောင် ပေါက်ကွဲသွားသည်။

"အား..."

ရုတ်တရက်မို့ ဘာဖြစ်မှန်း မသိ။ နှစ်ယောက်သား လွင့်စင်သွား၏။ ကစားနေသော တချို့ကလေးများလည်း လွင့်စင်ကာ တချို့က ထွက်ပြေးကြသည်။ တချို့ကလေးများ ပုံလျက်သား လဲသွား၏။ ငုက သွေးသံရဲရဲဖြင့် လဲကျနေသော ကလေးဆီသို့ သွေးရူးသွေးတန်းဖြင့် ပြေးသွားသည်။ မကြာပါ။ ကလေးများနှင့် ကလေးချီထားသော မိခင်များ အပါအဝင် လူတစုရွာထဲမှ ကြောက်လန့်တကြား ပြေးထွက်လာ၏။ တယောက်စကားတယောက်နားဖြင့် KNRP ( Karenni National Revolution Army ) နှင့် TPA တို့ ရွာထဲတွင် တိုက်ပွဲ ဖြစ်နေကြောင်း သိလိုက်ရသည်။

ငုက ဝပ်နေရာမှ သွေးရူးသွေးတန်းဖြင့် ပြန်ထပြီး မတ်တတ်ရပ်၏။ ထိုပေါက်ကွဲသံနှင့် တဆက်တည်းမှာပင် သေနတ်သံများ ဆက်တိုက် ကြားရသည်။ ရွာထဲမှ ယူနီဖောင်းဝတ် သေနတ်ကိုင်တချို့နှင့် ရွာသားများ ပြေးထွက်လာကြ၏။

ပတ်ဝန်းကျင် တခုလုံး ပြေးလွှားသံများ၊ ဆူညံ အော်ဟစ်သံများဖြင့် လှပနေသော ရွာလမ်းကလေးသည် သွေးစွန်းပြီး ဖွာလန်ကြဲသွားသော မြေကြီးများနှင့်အတူ ငရဲခန်းအသွင် ပြောင်းသွားတော့သည်။

"ငုရေ... ဝပ်နေ ဝပ်နေ မတ်တတ်ရပ်မနေနဲ့"

သူနှင့် အနည်းငယ် အလှမ်းကွာနေသော ငုကို ခွန်းဒက သေနတ်သံများကြားမှ အော်ပြောလိုက်၏။ ရွာသားတချို့ကလည်း တယောက်


mgyoe.com

mgyoe.com SAMPLE BOOK

တပေါက် ကြောက်လန့်တကြား အော်ဟစ်ကြသည်။

"ပြေး... ပြေးကြဟေ့..."

"ကျည်ကွယ်ရာကို မြန်မြန်ပြေးကြပါဟ"

"အားလုံး သေကုန်တော့မှာပဲ"

"ငှ... ငှ... အား..."

ခွန်းဒက ငှဆီ ထသွားမည် အပြုတွင် သူ့ရှေ့မြေကြီးပေါ် ကျည်တတောင့် ပေါက်ကွဲ၏။ ငှ တယောက် ဘာဖြစ်မှန်း မသိဘဲ အံ့သြကြောက်လန့်နေရင်း မတ်တတ်ရပ်လျက် သတိလစ်နေသယောင် ကြောင်ငေးနေ၏။

ငှ၏ ဘေးတွင် သေနတ်ကျည်ဆန်များက တဖောက်ဖောက် လွင့်စင် ကျနေသည်။ သို့သော် ငှက မလှုပ်မယှက် ရပ်မြဲရပ်နေ၏။ ငှ အံ့သြပြီး ကြောင်သွားပုံရသည်။ ထိုကြောင့် ခွန်းဒ စိုးရိမ်သွားသည်။

"ငှ ... ငှ... ဝပ်နေ... ငှ"

သေနတ်ကျည်ဆန်တွေကြောင့် ခွန်းဒက ငှဆီ သွားမရ ဖြစ်နေသည်။ ထိုစဉ် ပြေးလာနေသော ရွာသားတချို့က ကြောင်ငေးကာ ရပ်နေသော ငှကို ဝင်တိုက်၏။ ထိုအခါမှ ငှ သတိပြန်ဝင်လာပြီး ဘယ်ပြေးရမှန်း မသိဖြစ်နေတော့သည်။ ကျည်ဆန်များက ငှ အနားတွင် တဖွဲဖွဲ ကျနေ၏။ ဒါနှင့် ကြောက်အားလန့်အားဖြင့် ကျုံးအော်တော့သည်။

"ကိုကို... ကိုကို ဘယ်မှာလဲ၊ ငှ ကြောက်တယ်၊ ငှကို ကယ်ပါဦး"

"ငှ ဝပ်နေ၊ ကိုယ် လာခေါ်မယ်၊ ခဏလေး"

ခွန်းဒက ကျည်ပေါက်ကွဲမှု အနည်းငယ် စဲသွားချိန်တွင် ငှဆီသို့ ပြေးကာ ငှကို ဆွဲခေါ်လာ၏။ ငှ လက်ကို ဆွဲပြီး ထိုနေရာမှ ထွက်ပြေးတော့သည်။ သူတို့ကို ပစ်ခြင်း မဟုတ်သော်လည်း ကျည်ဆန်များက သူတို့ အနီးတွင် ပျံ့ဝဲနေသဖြင့် ရှောင်တိမ်းကာ အတင်းထွက်ပြေးရ၏။ သူတို့နားမှ ရွာသားတချို့ သေနတ်မှန် လဲကျသွားသည်။ ဆန့်ငင်ဆန့်ငင်ဖြင့် အသက်ငင်နေသည်ကို တွေ့ပြီး ငှ တယောက် သွေးပျက်ကာ ကြောက်လန့်သွားသည်။

"အား... ငှ ကြောက်တယ် ကိုကို"

"ငှ မကြည့်နဲ့... အဲဒါကို မကြည့်နဲ့... လာ... မြန်မြန်ပြေးရအောင်"

ခွန်းဒက ငှ လက်ကို ဆွဲကာ ထိုနေရာမှ ခြေဦးတည့်ရာ တောထဲသို့


mgyoe.com

mgyoe.com
SAMPLE BOOK

ထွက်ပြေးတော့သည်။ သွေးရှူးသွေးတန်းဖြင့် တောထဲ စွတ်ပြေးရင်း ငု လွယ်ထားသည့် ကင်မရာလေးက သစ်ကိုင်းတခုတွင် ငြိကျန်ရစ်ခဲ့၏။

"ခဏလေး... ကိုကို... ကင်မရာလေး သစ်ကိုင်းမှာ ငြိပြီး ကျန်ခဲ့လို့"

"ထားလိုက်ပါ ငုရယ်... လာ ဒီနေရာက အန္တရာယ်များတယ်၊ ခပ်ဝေးဝေးကို မြန်မြန်ရောက်မှ ဖြစ်မယ်"

"ဟင့်အင်း... ကိုကို ပေးထားတဲ့ အမှတ်တရ လက်ဆောင်လေးမို့ မထားခဲ့နိုင်ဘူး"

"ကိုယ်အသစ်တခုပြန်ဝယ်ပေးပါ့မယ်ငုရယ်၊ထားလိုက်တော့နော်"

"ဟင့်အင်း... ဟင့်အင်း... အဲဒီထဲမှာ ငု အတွက် တန်ဖိုး မဖြတ်နိုင်တဲ့ အမှတ်တရတွေ အများကြီးပါတယ်၊ ငု သွားပြန်ယူမယ်"

ငုက ပြောရင်း ခွန်းဒ တွဲထားသည့် လက်ကို အတင်းဖြုတ်ကာ နောက် သို့ ပြန်ပြေးသည်။

"ဟာ... ငု... ငု... ပြန်လာခဲ့"

ခွန်းဒက အော်ခေါ်ရင်း ငု နောက်သို့ ပြန်လိုက်ရ၏။ ငုက သစ်ကိုင်းတွင် ငြိကျန်ခဲ့သော ကင်မရာလေးကို ယူပြီး ပြန်အထွက် ဘယ်တုန်းက ထောင်ထားမှန်းမသိသော ယင်းတလဲမုဆိုးတို့၏ ကျားပါးစပ် ထောင်ချောက်တွင် ငု ခြေထောက် ညပ်သွားတော့သည်။

"အား"

နာကျင်မှုကြောင့် မျက်လုံးများ ပြာခနဲ ဖြစ်သွားပြီး ငု လဲကျသွားသည်။ ခြေထောက်မှ သွေးများက ဒလဟော ထွက်လာ၏။ နာကျင်မှုသည် အသည်းထိတိုင် စူးနေသည်။ ခွန်းဒက ငု အဖြစ်ကို မမြင်ရက်အောင် ဖြစ်သွားသည်။

"ဟာ... ဒုက္ခပါပဲ ငုရယ်"

ခွန်းဒက ငု ခြေထောက်တွင် ညပ်နေသော ကျားပါးစပ် ထောင်ချောက်ကို ခက်ခက်ခဲခဲ ဖြုတ်ပေးရသည်။ ဖြုတ်ပေးနေစဉ် တလျှောက်လုံး ဒဏ်ရာသည် တဖြည်းဖြည်းနှင့် ပိုနာလာ၏။ အအေးဓာတ်ကဲနေသော အချိန်မှာပင် ငု ချွေးသီးချွေးပေါက်များ သီးလာသည်။ နာလွန်းသဖြင့် အသက်ရှူလို့ပင် မဝတော့ချေ။ မျက်ရည် ပေါက်ပေါက် ကျသည်။


mgyoe.com

mgyoe.com SAMPLE BOOK

"အား... နာလိုက်တာ... အား"

"ခဏလေး... ခဏလေး ငှ၊ ဖြုတ်လို့ ပြီးပြီ... ပြီးပြီ"

ကျားပါးစပ် ထောင်ချောက် ပြုတ်သွား၏။ သွေးများ ရဲပတောင်းခတ် အောင် ထွက်လျက် ခြေထောက်သည် အကြောကို မြင်ရသည်အထိ ဟက် တက်ကြီး ကွဲထွက်သွား၏။ နာကျင်မှုသည် အတိုင်းအဆ မရှိတော့ချေ။

ခွန်းဒက ငှဆီက ကင်မရာကို ယူကာ လွယ်သည်။ ထို့နောက် ငှ၏ ကျောပိုးအိတ်ကို လွယ်ပေး၏။ ပြီးနောက် အကူအညီတောင်းရန် ဖုန်းလိုင်း ကို ကြည့်လိုက်သည်။ ဖုန်းလိုင်းက လုံးဝ မရှိပေ။ No Service ဖြစ်နေ၏။

"အရေးထဲ ဖုန်းလိုင်းကလဲ မမိဘူး ငှရယ်၊ ဒုက္ခပါပဲ၊ မတတ်နိုင် ဘူး ဆက်သွားရမှာပဲ"

ထို့နောက် ခွန်းဒက ငှကို တွဲထူသည်။ ငှ ခြေထောက်က လုံးဝ မထောက်နိုင်။ ထောက်လိုက်တိုင်း မခံမရပ်နိုင်အောင် နာသည်။

"အား... နာတယ်၊ ငှ မတ်တတ်ရပ်လို့ မရဘူး"

" ဟုတ်လား... ဒါဆို ကိုယ် ပွေ့ချီသွားမယ်"

ခွန်းဒက ငှကို ပွေ့ချီပြီး ဆက်ထွက်သွား၏။ သေနတ်သံတွေက ကြားနေရဆဲ ဖြစ်သည်။ အလင်းရောင်က တဖြည်းဖြည်း ကုန်ခန်းလာပြီး အမှောင်အတိ ကျသွား၏။ ငှ၏ ခြေထောက်ဒဏ်ရာကလည်း တဖြည်းဖြည်း ပိုဆိုး လာ၏။ နာကျင်သည်က သက်သာမလာဘဲ ပိုပိုပြီး ကိုက်ခဲလာသည်။ အအေးဓာတ်ကလည်း ပိုလာပြီမို့ ဒဏ်ရာသည် သတိလစ်မတတ် နာကျင် လာ၏။

"ကိုကို... ငှရဲ့ ဒဏ်ရာက တဖြည်းဖြည်း ဆိုးလာပြီ၊ တနေရာမှာ ခဏနားပြီး ဆေးထည့်မှ ရတော့မယ်"

"ဟုတ်လား၊ အင်း ဒါဆိုလဲ လုံခြုံတဲ့ တနေရာ ရှာပြီး ကိုယ်တို့ ဒီည နားကြတာပေါ့"

ခွန်းဒက အနည်းငယ် မောဟိုက်သံဖြင့် ပြောလိုက်သည်။ ငှကို တလမ်းလုံး ပွေ့ချီ ခေါ်ခဲ့ရသည်မို့ ခွန်းဒ အသံက လေသိပ်မဆက်ချင်တော့ ချေ။ ထို့နောက် အပင် အုပ်အုပ်ဆိုင်းဆိုင်းနှင့် ပြောင်ရှင်းသော တနေရာတွင် ခဏနားဖို့ ဆုံးဖြတ်၏။ ကောင်းကင်တွင် ကြယ်အလင်း တမှုန်တစ မရှိတော့


mgyoe.com

mgyoe.com SAMPLE BOOK

ဘဲ အမှောင်တွေသာ ကြီးစိုးနေ၏။

"ဒီနေရာလေးက မဆိုးဘူး ငုံ၊ ကိုယ်တို့ ဒီညဲ ဒီမှာပဲ နားကြမယ်"

"မှောင်မည်းနေတာပဲ ကိုကိုရယ်၊ ငုတို့ ဘယ်ရောက်နေတာလဲ ဟင်"

"ရွာနဲ့ မနီးမဝေး တောစပ်တနေရာပဲ ဖြစ်မယ် ထင်တယ် ငုရဲ့ ဟို ဘက်မှာ မြစ်ရေစီးသံကို ကြားနေရတယ်။ ခြေဦးတည့်ရာ ပြေးလာတာ ဆိုတော့ နေရာအတိအကျ ခန့်မှန်းဖို့ ခက်တယ်။ ထိုင်... ထိုင်... ငု ဖြည်းဖြည်း ထိုင်"

"ငု ခြေထောက်က အရမ်းနာတယ် ကိုကိုရယ်၊ ငု အိတ်ထဲမှာ ပါတဲ့ ဆေးတွေနဲ့ ငု ပြောတဲ့အတိုင်း ဒဏ်ရာကို ဆေးထည့်ပေးပါဦးနော်"

"အင်း... အင်း... ကိုယ် လုပ်ပေးမယ်"

"မော်ဖင်းပါ ပါတယ်။ ငု မော်ဖင်းထိုးမှ ဖြစ်မယ် ထင်တယ်။ ခြေထောက်က မခံနိုင်အောင်ကို နာတာ။ နို့မို့ဆို ငု အနာရှိန်ကြောင့် အိပ် ပျော်နိုင်မယ် မထင်ဘူး"

"ဟုတ်လား... ကိုယ် ထိုးပေးတတ်ပါ့မလား မသိဘူး"

ခွန်းဒက စိတ်ပူစွာဖြင့် ပြောသည်။

"ရတယ်... ငု ပြောပေးမယ်နော်၊ အရင်ဆုံး ဒဏ်ရာကို ဆေးထည့် ပြီး ပတ်တီးစည်းလိုက်"

ခွန်းဒက ငု ပြောသည့်အတိုင်း ဆေးထည့်ပြီး ပတ်တီးစည်းပေး သည်။ ပတ်တီးစည်းထားရင်းပင် သွေးက ထွက်လာနေသောကြောင့် မနက် ထိ ဆိုလျှင် သွေးထွက်များ လွန်လေမလားဟု ခွန်းဒ စိတ်ပူမိသေးသည်။ ငုက ခဏနေရင် သူ့ဘာသာ သွေးက ခြောက်ပြီး ပိတ်ထားသလို ဖြစ်လို့ တိတ်သွားလိမ့်မယ်ဟု ပြော၏။

"အိတ်ရဲ့ အလယ်ကန့်ထဲမှာ မော်ဖင်း ရှိတယ်၊ အဲဒါကို တလုံး ယူ၊ ပြွန်နဲ့ စုပ်ယူပြီး ငုကို ပေးနော်"

ခွန်းဒက ငု ပြောသည့်အတိုင်း တသွေမတိမ်း လုပ်ပေးသည်။ ရဲရင့်သော ငုက သူမဘာသာ မော်ဖင်းကို အကြောထဲ ထိုးထည့်၏။ ခဏ အကြာတွင် ငုက သစ်ပင်လေးကို မှီကာ မော်ဖင်း အရှိန်ဖြင့် မှိန်းသွားတော့


mgyoe.com

mgyoe.com SAMPLE BOOK
သည်။ ငု ရင်ဘတ်လေးက နိမ့်ချည်မြင့်ချည် အသက်ကို မှန်မှန်လေး ရှူနေသည်။ ထိုမြင်ကွင်းကို ကြည့်ရင်း ခွန်းဒက ငုကို တအား သနားသွား၏။ ဒါနှင့် သူက–

"သစ်ပင်ကို အကြာကြီး မှီထားရင် ငု ကျောတွေ နာလာမှာပေါ့။ လာ... ကိုယ့် ရင်ခွင်ထဲကို မှီပြီး အိပ်လိုက်"

ခွန်းဒက ငုကို အလိုက်သင့် ပွေ့ယူလိုက်သည်။ ငုက ခွန်းဒ၏ ရင်ခွင်ထဲ ခေါင်းတိုးဝင် အိပ်လိုက်၏။ နွေးထွေးသော အထိအတွေ့က ခွန်းဒ၏ စိတ်ကို လှုပ်ရှားသွက်ခါသွားစေသည်။ ငုက လေသံတိုးတိုးလေးဖြင့် ပြောသည်။ နှလုံးသားနှင့် အနီးဆုံးနေရာကနေ ပြောသဖြင့် ငု ပြောသည်ကို ခွန်းဒ အားလုံး ကြားနေရ၏။

"ကိုကို့ရင်ခွင်ထဲကို ရောက်မှ ဝေဒနာက တဝက် သက်သာသွားသလိုပဲ ကိုကိုရယ်၊ ငု ရင်တွေ အရမ်းခုန်တာပဲ။ ငုလေ ကိုကို့ကိုချစ်တယ်၊ ကိုကိုကရော ဟင်"

ပွင့်လင်းစွာ ဝန်ခံလာသော ငု အပြောကြောင့် ခွန်းဒ၏ စိတ်တွေက လှိုင်းလူးလေ့ငယ် တစင်းလို တအား လှုပ်ရှားသွား၏။ မြစ်ရေစီးသံသဲ့သဲ့ ကြားနေရသည်။

"ကိုယ်... ကိုယ် မသိဘူး။ ရင်ခုန်နေတာပဲ သိတယ်"

"ရင်ခုန်ရင် အချစ်ပဲပေါ့ ကိုကိုရယ်... ငု သိပါတယ်၊ ကိုကိုလဲ ငုကို ချစ်နေပါတယ်၊ ဟုတ်တယ်မလား၊ ဝန်ခံလိုက်ပါ နော်"

ငုက ပြောရင်း ပြောရင်းနှင့် မော်ဖင်းရှိန်ကြောင့် မျက်လုံးများ မှေးစင်းကာ လုံးဝ အိပ်ပျော်သွားတော့သည်။ ရင်ခွင်ထဲ တိုးဝင်ကာ အိပ်ပျော်နေသော ငုကို ခွန်းဒ ငုံ့ကြည့်မိရင်း မမျှော်လင့်ဘဲ ငု၏ နဖူးလေးကို နမ်းမွှေးလိုက်မိသည်။ လုပ်လိုက်ပြီးမှ ရုတ်တရက် သူ့စိတ်တွေ မလုံမလဲ ဖြစ်ကာ မူရာ့ကို မြင်ယောင်လာ၏။ သို့သော် ဘာကြောင့်မှန်းမသိ သူ့စိတ်ရိုင်းကို မထိန်းချုပ်နိုင်။ မောင့်ကို ခွင့်လွှတ်ပါ မူရာရယ် ဟုသာ ရေရွတ်ရင်း ရင်ခွင်ထဲက ငုကိုတော့ တင်းတင်းကျပ်ကျပ် ဖက်ထားမိနေသည်။

ဖ ဖ ဖ


mgyoe.com

mgyoe.com SAMPLE BOOK

## ( ၂ )

မနက်မိုးလင်းလာ၏။ နေရောင်ခြည်ဝါဝါသည် မိုးကုပ်စက်ဝိုင်း စွန်းကို ကျော်လွန်လျက် ကောင်းကင်တခုလုံး ဖြန့်ကျက်ထားသည်။ ညက ငုကို အန္တရာယ် တစုံတခု ဖြစ်မှာစိုးသဖြင့် စောင့်ကြည့်ရင်း ခွန်းဒ တော်တော်နှင့် အိပ်မပျော်။ မိုးလင်းခါနီးမှ အိပ်ပျော်သွားခဲ့သည်။ မနက်ရောက်တော့ စူးရှသော အလင်းရောင်က မျက်လုံးကို ထိုးသောကြောင့် ခွန်းဒ နိုးလာသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ ရှတသော အလင်းက တိုက်ရိုက်ထိနေသည်မို့ မဖွင့်နိုင်ဘဲ ပြန်ပိတ်လိုက်ရသည်။

ထိုစဉ် သူ့နားထဲတွင် တဒုတ်ဒုတ် ဖြတ်သွားသော ထော်လာဂျီသံကို ကြားလိုက်ရ၏။ သူတို့၏ လက်ရှိ အခြေအနေမှန်ကို ခေါင်းထဲ ရောက်လာပြီး သူက မျက်လုံးကို အားယူ ဖွင့်ကြည့်လိုက်၏။ ထော်လာဂျီသံက ဆက်တိုက် ကြားနေဆဲပင်။ ငုကတော့ မနိုးသေး။ သူ့ရင်ခွင်ထဲတွင် အိပ်နေသော ငုကို အသာချ၍ ထော်လာဂျီသံ ကြားရာဆီသို့ ပြေးထွက်ကာ ကြည့်သည်။ တောလမ်းကျဉ်းလေးအတိုင်း မောင်းသွားနေသော ထော်လာဂျီကို တွေ့ရာ ခွန်းဒ ပျော်သွား၏။



mgyoe.com

mgyoe.com SAMPLE BOOK

"ဟေး... ဟေး"

သူက လက်ဇော့ရမ်းကာ အကူအညီ တောင်းသည်။ ထိုအချိန်မှာပင် ငုလည်း နိုးလာသည်။ နိုးလာလာချင်း ခြေထောက်မှ ဝေဒနာက ဦးနှောက်ကို အသိပေးသည်။ ငုက နာကျင်စွာ တချက် ညည်းညူလိုက်၏။ ခွန်းဒ ခေါ်သံကြောင့် ထော်လာဂျီပေါ်မှ လူနှစ်ယောက်က လှည့်ကြည့်ပြီး ထော်လာဂျီကို ပြန်ကွေ့လာသည်။ မနေ့က ရွာထဲတွင် ကြုံတွေ့ခဲ့ရသည့် အပစ်အခတ်ကိစ္စကို သူတို့လည်း သိပြီးသားမို့ ရှည်ရှည်လျားလျား ရှင်းပြစရာ မလိုတော့ချေ။ အကျိုးအကြောင်း ပြောပြပြီး အကူအညီတောင်းကာ လွိုင်ကော်မြို့ပေါ်က ဆေးရုံသို့ ခွန်းဒက ငုကို ခေါ်လာခဲ့သည်။ လိုအပ်သည့် စစ်ဆေးမှုများ ပြုပြီးနောက် တာဝန်ကျဆရာဝန်ကို သူ့ရုံးခန်းထဲတွင် သွားတွေ့ရသည်။ ဆရာဝန်က-

"ငုရွှေဝါသွယ် နော်"

"ကျွန်မက INGO က Medical Coordinator ပါ"

ဆရာဝန်က ခေါင်းညိတ်ကာ အသိအမှတ်ပြုသည်။

"ဟုတ်ကဲ့... ဓာတ်မှန်ရလာပြီနော်၊ ပြစမ်းပါဦး"

ခွန်းဒက လှမ်းပေးလိုက်၏။ ဆရာဝန်က ဓာတ်မှန်အဖြေကို အလင်းဘုတ်ပြားပေါ်တွင် ထောင်ကြည့်လိုက်သည်။ စေ့စေ့စပ်စပ် စစ်ဆေးကြည့်ရှုပြီးနောက်-

"အင်း... ဒဏ်ရာက အကြောကို ထိသွားတာ၊ ဓားနဲ့ လှီးဖြတ်ပစ်လိုက်သလို ဖြစ်သွားတယ်။ ကျန်းမာရေးဝန်ထမ်း ဆိုတော့ မချန်တော့ပါဘူး။ မငုရွှေဝါသွယ်ရဲ့ ခြေထောက်က ပုံမှန်အတိုင်းတော့ ပြန်မဖြစ်နိုင်တော့ဘူး"

"ဗျာ... ပုံမှန်အတိုင်း ပြန်မဖြစ်နိုင်တော့ဘူး ဆိုတာ ဘာလဲ ဟင်"

ငုက ဘာမှ မမေးခင် ခွန်းဒက စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည်။

ဆရာဝန်က-

"ဒဏ်ရာပျောက်လို့ မတ်တတ်ရပ်ရင်တော့ အကောင်းပဲ၊ ဒါပေမဲ့ လမ်းလျှောက်ရင် နည်းနည်းတော့ ထော့နင်း ထော့နင်း ဖြစ်နေနိုင်တယ်"

ခွန်းဒက ယူကျုံးမရ ဖြစ်သွား၏။ ငုလို ငယ်ရွယ်လှပသော မိန်းကလေး တယောက်အတွက် ထိုဆုံရှုံးမှုသည် အကြီးမားဆုံး နစ်နာမှုပင် မဟုတ်


mgyoe.com

ပါလား။ ငုကလည်း အနည်းငယ် မျက်နှာပျက်သွားသည်။ ခွန်းဒက-

"ဟာ... ဒေါက်တာရယ်... ကုလို့ မရတော့ဘူးလား"

"စိတ်မကောင်းပါဘူးဗျာ၊ ကျန်းမာရေးဝန်ထမ်း ဖြစ်တဲ့ မငုရွှေဝါသွယ် သိပါတယ်"

ငုက နာကျင်စွာ ခေါင်းညိတ်ပြသည်။ ခွန်းဒက စိတ်ထိခိုက်သွားပြီး ငု၏ လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်၏။

ဆေးခန်းက ပြန်လာရင်း နှစ်ယောက်သား ဘာစကားမှ မပြောဘဲ တိတ်ဆိတ်နေမိ၏။ ဆုံးရှုံးသွားသော အရာအတွက် ခွန်းဒလည်း ကြေကွဲရသည်။ သူသာ ယင်းတလဲဘက်ကို ခေါ်မသွားခဲ့ဘူး ဆိုလျှင် ငု အခုလို ဒုက္ခိတ ဖြစ်မှာ မဟုတ်ပေ။ သူ တွေးမိလိုက်တိုင်း နောင်တရမိသည်။ ငု လက်လေးကို ဆုပ်ကိုင်ပြီး-

"ငုရယ်... ကိုယ် စိတ်မကောင်းလိုက်တာ"

ဟု ခွန်းဒက မချိတင်ကဲ ပြောမိသည်။

ငုရွှေဝါသွယ်ကတော့ ဘာမှ မခံစားရသလို ပေါ့ပေါ့ပါးပါးဟန်ဖြင့်-

"ဘာမှ မဖြစ်ပါဘူး ကိုကိုရယ်၊ ခြေထောက်ပြတ် လက်ပြတ် ဖြစ်သွားတာမှ မဟုတ်တာ၊ ဘာမှ စိတ်မကောင်းမဖြစ်နဲ့၊ အေးဆေးပါ"

ငု၏ အသံသည် အဖျားခတ်ကာ တုန်ခါသွား၏။ အလှအပ ကြိုက်သော ငုအတွက်တော့ အစားထိုးမရသော ဆုံးရှုံးမှုပင် ဖြစ်သည်။ သို့သော် ငုက စိတ်ကို ထိန်းလိုက်၏။

"ဒါပေမဲ့... ငုရယ်"

"ဘာလဲ... ကိုကိုက ငု ခြေထောက်လေး ထော့နင်း ထော့နင်း ဖြစ်နေရင် မချစ်တော့ဘူးလား ဟင်"

"မဟုတ်တာ... ငုကို ကိုကို အမြဲ ချစ်တယ်"

ခွန်းဒ၏ ထိုစကားလေး တခွန်းသည် ငုအတွက် အရာရာ ပြည့်စုံသွားသည်။ ငုက ခွန်းဒ၏ လက်မောင်းကို ဆုပ်ကိုင် မှီတွယ်လိုက်ပြီး-

"တော်သေးတာပေါ့၊ ငုရဲ့ လက်ရှိဘဝမှာလေ ကိုကို မချစ်မှာက လွဲပြီး ဘာကိုမှ စိတ်မပူတော့ဘူး၊ ကိုကို ငုကို ချစ်နေရင် အရာရာ ပြည့်စုံပြီ"

သူ့အပေါ် ချစ်တတ်လွန်းသူ ငုကို ခွန်းဒ ဘာပြန်ပြောရမှန်း မသိ


mgyoe.com

mgyoe.com SAMPLE BOOK

သောကြောင့် 'ငုရယ်' ဟုသာ တိုးတိုးလေး ရေရွတ်လိုက်မိသည်။

ထိုသို့ဖြင့် ခြေထောက်ဒဏ်ရာကို အကြောင်းပြုပြီး တဖြည်းဖြည်း နီးကပ်နေသော သူတို့နှစ်ယောက်ကို ကြည့်ပြီး စိတ်လေးကာ သက်ပြင်းချမိသူက ခွန်းဒ၏ လူယုံ ဦးဖျားရယ်ပင် ဖြစ်သည်။ ငုသည် အမြဲလိုလို ခွန်းဒ၏ ကော်ဖီခြံတွင် ရောက်နေတတ်သည်။ ငုက တချို့ အလုပ်ကိစ္စများကို သူ့အဖွဲ့သားတွေဖြင့် လွှဲထားပြီးတော့ ခွန်းဒအနား တောက်တဲ့လို တွယ်ကပ်နေ၏။ အနားတွင် တွတ်တီးတွတ်တာ ပြောသော ငု၏ တီတီတာတာ စကားသံတို့တွင် ခွန်းဒလည်း မျောပါနေမိတော့၏။

"ကိုကို"

"ဗျာ"

"တကယ်လို့ ငုတို့ ကိစ္စကို မမူရာ သိသွားရင် ဘယ်လို လုပ်မလဲ ဟင်"

သူ တမင် မေ့ထားသည့် အကြောင်းကို ငုက အစဖော်လိုက်သဖြင့် ခွန်းဒ အဖြေရခက်သွားသည်။ ဖြစ်နိုင်လျှင် သူ ထိုအကြောင်းကို မစဉ်းစားချင်။

"ကိုကို သူ့ကို မချစ်တော့ဘူးလား ဟင်၊ အမှန်အတိုင်း ဖြေနော်"

ငုက ထပ်မေး၏။ သူ ငုနှင့် မပြောချင်ဆုံး အကြောင်းအရာသည် ထိုအကြောင်းပဲ ဖြစ်သည်။ သို့သော် ငုက သူ သိချင်သည့် အကြောင်းကို လက်လျှော့မည့်ပုံ မရှိ။ ဒါနှင့် ခွန်းဒက သက်ပြင်းချပြီး-

"အမှန်အတိုင်း ပြောရရင် ကိုကို သူ့ကို ချစ်လို့ လက်ထပ်ခဲ့တာပါ၊ အခုရော ချစ်နေသေးလားလို့ မေးရင် သံသယဇဉ်တော့ ရှိတာပေါ့၊ ဒါပေမဲ့... မသိဘူးကွာ... ကိုကို မပြောတတ်တော့ဘူး"

အမှန်တကယ်လည်း ခွန်းဒက သူ့စိတ်ကို သူ ရေရေရာရာ မသိချေ။ မူရာ့ကို ချစ်သေးလား၊ မချစ်တော့ဘူးလား ဆိုသော မေးခွန်း၏ အဖြေကို မည်သည့်အရာက ကွယ်ဝှက်ထားသည် မသိ။ အဖြေရယ်ဟုပင် တိတိကျကျ ထွက်မလာချေ။

"ဒါဆို အခု ကိုကိုက ငုကိုလဲ ချစ်တယ်ဆိုတော့ ငုကိုရော ကိုကို လက်ထပ်မှာလား ဟင်"


mgyoe.com

mgyoe.com
SAMPLE BOOK


ထိုအမေးကြောင့် ပတ်တီးစည်းခြင်းကို လက်စသတ်ပြီး ခုံပေါ်မှာ ဝင်ထိုင်လိုက်သော ခွန်းဒက အဖြေရ ခက်စွာဖြင့် သက်ပြင်း ချလိုက်မိသည်။ သူ့အာရုံထဲတွင် ဖနီးနှင့် သမီးဖြစ်သူကို မြင်ယောင်လာပြီးနောက် သူ့စိတ်တွေ မွန်းကျပ်သွားသည်။ ခွန်းဒ၏ အရိပ်အခြည်ကို အကဲခတ်နေသော ငုက-

"ကိုကို မဖြေနိုင်ရင် မဖြေပါနဲ့၊ ငုကတော့ ကိုကို့ကို လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးတဲ့ တနေ့ကျရင်တော့ ဘယ်သူတွေ ဘာပြောပြော ကိုကို့ကို ရအောင် လက်ထပ်မယ်၊ ငုကတော့ ရှင်းရှင်းပဲ… အချစ်နဲ့ စစ်မှာ မတရားဘူး ဆိုတာ မရှိဘူး ကိုကို"

ပြတ်သားသော ငုကြောင့် ခွန်းဒ ဝမ်းသာရမလို ဝမ်းနည်းရမလို ဖြစ်သွား၏။ ထိုစကားများကို အနီးအနားတွင် မယောင်မလည် အကဲခတ်နေသော ဦးဗျားရယ် ကြားသွားပြီး ရင်မောစွာ သက်ပြင်းရှိုက်လိုက်သည်။ ဒါနှင့် ခွန်းဒ စိတ်သက်ရာ ရပါစေတော့ ဟူသော ရည်ရွယ်ချက်ဖြင့် ဦးဗျားရယ်က ငုနှင့် ခွန်းဒတို့ အနီးတွင် ဝင်ထိုင်လိုက်၏။

"ခြေထောက်သက်သာရဲ့လား သမီး"

"ဟုတ်ကဲ့ သက်သာပါတယ် ဦးလေး၊ ကိုကိုက ဒီလောက် ဂရုစိုက်ပြီး ပြုစုပေးနေတာပဲ၊ သက်သာတာပေါ့"

ဟု ငုက ပြုံးပြုံးလေး ပြောရာ ခွန်းဒက ဦးဗျားရယ်ကို မျက်နှာပူပြီး ကြည့်လိုက်မိသည်။ ဦးဗျားရယ်ကတော့ ခွန်းဒ၏ ထိုအကြည့်ကို ဘာမှမပြော။ ဦးဗျားရယ်က စကားဆက်သည်။

"အင်း… စစ်… စစ်၊ စစ်ကြောင့်ပဲ ဦးလေးရဲ့ ဟောဒီခြေထောက် တဖက်လဲ ဆုံးရှုံးခဲ့ရတာပေါ့ သမီးရယ်"

"ရှင်… ဘယ်လို ဦးလေး"

"ဟုတ်တယ်၊ ကိုယ့်အမျိုးသား ကောင်းစားရေး ခေါင်းစဉ် တပ်ထားပေမယ့်လဲ ခံရတာက ကိုယ့်အမျိုးသားတွေ အရင်ပဲ၊ တို့ ဟိုပုံပြင်လို ဖြစ်နေတာပေါ့"

ဦးဗျားရယ်က ယင်းဘော်နှင့် ပဒိုင်ဝ် အမျိုးသားများကြား ဖြစ်ခဲ့သော ပုံပြင်ကို ပြောပြ၏။


mgyoe.com

mgyoe.com SAMPLE BOOK

ယင်းဘော်နှင့် ပအိုဝ်တို့သည် ဟိုးယခင်က ညီအစ်ကို အရင်းများ ဖြစ်ကြသည်။ ပအိုဝ်များသည် တောလိုက်ရာမှ ဆင်တကောင်ကို ရလာသည်။ ဆင်သားကို ညီအစ်ကိုအချင်းချင်း ဝေငှစားကြရာ ဆင်ကောင်သည် ကြီးသဖြင့် လုံလောက်စွာ စားရလေသည်။ နောက်တခါ ယင်းဘော်တို့ တောလိုက်သည့်အခါ ဖြူတကောင် ရလာလေသည်။ ဖြူကောင်သည် ငယ်သောကြောင့် ခွဲဝေပေးရာတွင် မလောက်မင ဖြစ်ကာ အနည်းငယ်သာ စားသောက်ကြရ၏။ ပအိုဝ်တို့ စိတ်ထဲတွင် သူတို့အလှည့်တုန်းက ဆင်သား လောက်လောက်ငင ပေးရသည်။ အခု ယင်းဘော်တို့ အလှည့်တွင် အသား အနည်းငယ်သာ ပေးသဖြင့် သူတို့ပြောသည့် ဖြူကောင်သည် မည်မျှကြီးသည် ကို သိချင်သောကြောင့် ဖြူကောင်၏ အမွှေးကို တောင်းလိုက်၏။ ယင်းဘော် တို့က ဖြူကောင်၏ ဆူးကို ပေးလိုက်သည်။ ပအိုဝ်တို့သည် ကြီးမားသော ဖြူကောင်၏ ဆူးကို ကြည့်ပြီး ဒီအကောင်သည် ဘယ်နည်းနှင့်မျှ ငယ်သော အကောင် မဖြစ်နိုင်။ ဆင်ထက်ပင် အကောင်ကြီးရမည်ဟု ပအိုဝ်တို့က မှတ်ယူပြီး ယင်းဘော်တို့နှင့် ပြဿနာ တက်ကာ ခွဲထွက်ခဲ့သည်။ ထိုအချိန်မှ စပြီး ယင်းဘော်နှင့် ပအိုဝ်တို့သည် ကွဲပြားပြီး ယင်းဘော်အမျိုးသားနှင့် ပအိုဝ် အမျိုးသားဟူ၍ ပေါ်ပေါက်လာ သည်ဟု အဆိုရှိလေသည်။

ငုက ထိုပုံပြင်လေးကို နားထောင်ပြီး ဘာပြောရမှန်း မသိဘဲ အတွေးထဲတွင် ငြိမ်သက်သွားသည်။

ဦးဗျားရယ်က ဆက်ပြောသည်။

"ဒါကြောင့် စစ်ဆို ဘာစစ်မှ မကောင်းဘူး၊ ကိုယ့်အမျိုးသား အချင်းချင်း ပြန်တိုက်နေရတဲ့ စစ်ဟာ ရင်နာဖို့ အကောင်းဆုံးပဲ"

ဦးဗျားရယ်၏ အနာသည် ထင်ထားသည်ထက် ပို၍ နက်မှန်း ငု သိလိုက်ရသည်။ ခဏနေတော့ ခွန်းဒက ငုကို ပြန်လိုက်ပို့ပေးသည်။ ငုကို တယုတယ တွဲကာ ကားတံခါး ဖွင့်ပေးနေသော ခွန်းဒ၏ အကြင်နာမျက်လုံး တွေကို မြင်နေရသော ဦးဗျားရယ်မှာတော့ အလကားရသော သက်ပြင်းများ ကိုသာ ရှိုက် ရှိုက် နေမိတော့သည်။

"ဒီလိုတွေ ဖြစ်လာမယ်မှန်း သိရင် မင်းကို မကြိုဆိုခဲ့ပါဘူး ဒေါက်တာမလေးရယ်၊ အခုတော့... မဖြစ်သင့်တာတွေ ဖြစ်လာတော့မှာကို


mgyoe.com

mgyoe.com
SAMPLE BOOK


ဦးလေး မြင်ယောင်ပြီး စိတ်ဆင်းရဲလိုက်တာ... ဟင်း"

ဟု ညည်းတွားရင်း ငှရွှေဝါသွယ်နှင့် စတင် ဆုံစည်း ပတ်သက်မိပုံကို တွေးမိသွား၏။

တကယ်တော့ ငှနှင့် ဦးဖျားရယ်က ခွန်းဒထက် အရင် သိကျွမ်းခဲ့ကြခြင်း ဖြစ်သည်။

ဖ ဖ ဖ


mgyoe.com

mgyoe.com SAMPLE BOOK

မကြာသေးခင် ကာလများဆီက

mgyoe.com

mgyoe.com SAMPLE BOOK

(၃)

အချိန်က နေ့လယ် ၁၂ နာရီ။ အပြင်ဘက်တွင် နေက ကျွတ်နေအောင် ပူသော်လည်း မိုင်းတွင်းရှိ အလုပ်သမားများက နေပူသည်ကိုလည်း အာရုံမရဘဲ လုပ်ကွက် ပိုကျရေးကိုသာ အာရုံစိုက်နေကြသည်။ အဓိကအားဖြင့် မော်ချီးသတ္တုတွင်းတွင် ကျင်းကိုးကျင်း ရှိပြီး ကုမ္ပဏီ ၉ ခုက လုပ်ကိုင်သဖြင့် လုပ်ကွက်ပေါင်း ၂၆၄ ကွက် ရှိသည်။ မြေတူးစက်များကို မချီမြှောက်ပြီး တူးဖော်နေပုံမှာ ဝေးဝေးက လှမ်းကြည့်လျှင် လက်တံ ရှည်သော ဘီလူးများ ကခုန်နေသလို ဖြစ်နေ၏။

အလုပ်သမား တချို့က ကျင်းထဲမှ ထွက်လာသော မြေစာ၊ အသုံးမလိုသော မြေခဲများကို တောင်ဇောင်းမှ ပစ်ချကြသည်။ မည်သို့ပင် စည်းကမ်း ရှိရှိ စနစ်တကျ စုပုံဖို့ ပြောသော်လည်း မလိုက်နာ။ အလုပ် အမြန်ပြီးမြောက်ရေး ဇောဖြင့်သာ အလုပ်သမားတွေက သဘောထားကြပုံရသည်။ ချောင်းထဲ မြောင်းထဲသို့ ဒီအတိုင်း စွန့်ပစ်သောကြောင့် ချောင်းအောက်ဖက်တွင် ရှိသော ကျေးရွာလေးသည် ထိုချောင်းရေကို လုံးဝ သုံးမရတော့သည်အထိ ဖြစ်သွားသည်။ ပြီးတော့ ကယားပြည်နယ် မော်ချီးဒေသသည် ခဲတွေ ထွက်ရာဒေသ ဖြစ်သောကြောင့် မြေကြီးက မကျစ်ဘဲ ပွသည်။


mgyoe.com

mgyoe.com SAMPLE BOOK

မြေကြီးပွပြီး တောင်တွေကလည်း မြင့်မားသောကြောင့် မိုးတွင်းကာလဆိုလျှင် မြေပြိုမှုတွေက ခဏခဏ ဖြစ်၏။ ထို့ကြောင့် နောက်ပိုင်းတွင် အစိုးရက မိုင်းလုပ်ကွက် မပေးတော့ဘူးဟု သတင်းသဲ့သဲ့ ကြားရသောကြောင့် ခွန်းဒ တယောက် တွေးရင်း စိတ်မကောင်း ဖြစ်မိသည်။ လူအများက စည်းကမ်း မလိုက်နာသည့်အခါ စည်းကမ်း လိုက်နာသော တခြားလူလည်း အတူတူပင် ထိခိုက်ရသည်။ ခွန်းဒ တယောက် အတွေးလှိုင်းထဲ မျောပါနေစဉ် အလုပ်သမားတယောက် သူ့အနား ရောက်လာ၏။

"ဆရာခွန်းဒ... တွင်းထဲမှာ ယမ်းခွဲတော့မလို့၊ အဲဒါ ဆရာ..."

လွန်ခဲ့သည့် တပတ်က ကယားပြည်နယ် မော်ချီးသတ္တုတွင်းဒေသတွင် ခွန်းဒတို့ ကုမ္ပဏီက လုပ်ကွက်ရထားသော တွင်းထဲတွင် မိုင်းခွဲရာမှ ကျောက်ဖျာ ပြိုကျပြီး အလုပ်သမား ၄ ယောက် ဒဏ်ရာရသွားသည်။ အသေအပျောက် မရှိမှသာ ခွန်းဒ သက်ပြင်းချနိုင်သည်။ ယခု ယမ်းခွဲတော့မည်ဟု လာပြောသဖြင့် ခွန်းဒ အနည်းငယ်တော့ စိတ်ပူသွားမိသည်။ သူ့ကုမ္ပဏီမှ အလုပ်သမားတွေမို့ တခုခုဆိုလျှင် တာဝန်အရှိဆုံးက ခွန်းဒပင် ဖြစ်သည်။

"ဟိုတပတ်ကလို မဖြစ်စေနဲ့၊ အားလုံးကို ဂရုစိုက်ဦးနော်၊ အကာအကွယ်ပစ္စည်းတွေကို စနစ်တကျ ဝတ်ထား ကြားလား"

"စိတ်ချပါ ဆရာ"

၅

ဆောင်ဒူလာကျေးရွာအုပ်စု ငံရိုးကျေးရွာတွင် နတ်ဆရာ ယင်းဘော် အမျိုးသား ဦးဖျားရယ်ဆိုလျှင် မသိသူ မရှိ။ ကယားလူမျိုးများက နတ်ကိုးကွယ်မှုကို ယုံကြည်ကြသလို အတိတ်နိမိတ်များကိုလည်း ကောက်ယူလေ့ ရှိကြသည်။ ထို့ကြောင့် သူတို့အတွက် နတ်ဆရာသည် မရှိမဖြစ် လိုအပ်သည်။ နတ်ဆရာသည် သူတို့ ကံကြမ္မာ အကောင်းအဆိုးကို ဆုံးဖြတ်နိုင်


mgyoe.com

mgyoe.com
SAMPLE BOOK

သော တဦးတည်းသော ပုဂ္ဂိုလ်ဟု ယူဆကြသည်။ အခုလည်း ရွာမြောက်ပိုင်းက အိမ်သစ်တက်ပွဲ ရှိသဖြင့် ဦးဗျားရယ်ကို မှာထားသည်မှာ လွန်ခဲ့သော တပတ်ခန့် ကတည်းက ဖြစ်သည်။ သူတို့ လေးစားသူ နတ်ဆရာကလည်း အချိန်မှန်ပင် လာသည်။ နတ်ဆရာ ရောက်လာသည်နှင့် အိမ်သစ်တက်ပွဲ ကျင်းပဖို့ ပြင်ကြတော့သည်။ လူများ စုရုံးစုရုံး ဖြစ်သွားကြတော့သည်။ သူတို့ အတွက်တော့ အိမ်သစ်တက်ပွဲသည် အရေးကြီးသော အမှုကိစ္စတခု ဖြစ်သည်။

ပထမဆုံး အနေဖြင့် ကြက်ရိုး ထိုးကြရသည်။ ထို့နောက် ရိုးရာဓလေ့အတိုင်း အသက်ကြီးဆုံး အဘိုးအဘွား ခုနစ်ယောက် စတင်ပြီး အိမ်ပေါ် တက်ကြသည်။ ထိုအဘိုးအဘွားများ၏ လည်ပင်းတွင်လည်း ကြေးခွေများ ပတ်ထားကြသည်။ ရှေ့ဆုံးမှ သက်ကြီးရွယ်အိုက ကြက်ဖတကောင် ပိုက်ပြီး တက်ရသည်။ ဒုတိယက မြေအိုးဖြင့် ချက်ထားသော ထမင်းအိုးကို ပိုက်ပြီး တက်ရသည်။ တတိယ အဘွားအိုက ခေါင်ရည်တအိုး ယူပြီး တက်ရသည် စသဖြင့် မိမိတို့နှင့် သက်ဆိုင်ရာများကို ယူပြီး အိမ်ပေါ် ရောက်သည့်အခါ ရိုးရာအတိုင်း ပြုပြီးနောက် နတ်ဆရာက အိမ်တွင်းနတ် ပူဇော်ဖို့ စတင်တော့သည်။

နတ်ဆရာ၏ နောက်ထပ် အရည်အချင်းတခုမှာ ကြက်ရိုး ထိုးတတ်ခြင်းပင် ဖြစ်သည်။ ကြက်ရိုးထိုးသည် ဆိုသည်မှာ ကြက်တကောင်ကို လည်လိမ်ချိုးပြီး မသေမရှင် ရှိနေစဉ် ကြက်၏ စအိုဝမှ မစင်များကို ထုတ်ပစ်ရသည်။ မစင်များ ကုန်သွားလျှင် အူကို ဆွဲထုတ်ကာ အူအရင်းမှ ဖြတ်ပစ်ရသည်။ နောက်ပြီး စအိုဝမှပင် ကြက်၏ ညာပေါင်ကို ထုတ်ယူရသည်။ ထိုပေါင်ရှိ အပေါ်ယံ အကြောအမျှင်များကို ခြစ်ပစ်ရသည်။ ထို့နောက် ဦးဗျားရယ်က ပေါင်ရိုး၏ အောက်ပိုင်း ထိပ်ကို ဓားဖြင့်ဖြတ်ပြီး အပေါက်ထဲကို တုတ်ချောင်း သွင်းလိုက်သည်။ ထိုအခါ သွေးသည် အရိုးတွင် ရှိသော အပေါက်ကလေးမှ ကန်ထွက်လာ၏။

ဒါနှင့် ဦးဗျားရယ်က သွေးပေါက်ကို ကြည့်ပြီး ပေါင်ရိုးတွင် အပေါက် ဘယ်နှစ်ပေါက် ပါသည်ကို ကြည့်လိုက်၏။ ထို့နောက် ရှိသမျှ အပေါက် အရေအတွက်အတိုင်း အသင့်သတ်ထားသော နီးမျှင်ကို တပေါက်


mgyoe.com

mgyoe.com SAMPLE BOOK

လျှင် တခုချင်း ထိုးထည့်သည်။ ထိုအတိုင်းပင် ဘယ်ပေါင်ကိုလည်း လုပ်သည်။ ပေါင်တဖက်တွင် အပေါက်ကလေး နှစ်ပေါက် သုံးပေါက် ပါတတ်သည်။ ထို့နောက် နတ်ဆရာ ဦးဗျားရယ်က ကြက်ရိုးမထိုးမီ ဘယ်စားပါစေ ညာစားပါစေဟု အဓိဋ္ဌာန်ပြုသည်။ ဘယ်စား ညာစားဆိုသည်မှာ နှီးမျှင်နှင့် ထိုးထားသည့် အပေါက်ကလေးများထဲက ဘယ်ဖက်ပေါင်ရိုးရှိ အပေါက်က မြင့်သလော၊ ညာပေါင်ရိုးရှိ အပေါက်က မြင့်သလောဟူ၍ အပေါက်တို့၏ အနိမ့်အမြင့်ကို တိုင်း၍ ကြည့်ခြင်း ဖြစ်သည်။ သူ မိဋ္ဌာန်သည့်အတိုင်း ဖြစ်လာသောအခါ သည်အိမ်သည် စီးပွားလာဘ်လာဘ တိုးမည်ဟု ပြောသည်။ ထို့နောက် ကြက်ရိုးထိုးသည့် ကြက်ကို ချက်ပြုတ်ပြီး နတ်ပူဇော်ပြီးနောက် လူစုံတက်စုံ စားကြသည်။ ထိုစဉ် ဖားစည် ၉ ချက် တီးလိုက်သံကို ကြားလိုက်သည်နှင့် တပြိုင်နက် သက်ကြီးရွယ်အိုများက ဦးဦးဖျားဖျား ကခုန်ကြရသည်။ ဖားစည်သည် မင်္ဂလာရှိသော အမှုကိစ္စများ ဆောင်ရွက်သည့် အခါတိုင်း မတီးမဖြစ်သော တူရိယာ ဖြစ်သည်။ ထို့နောက် လက်သီးဖြင့် ကျောက်ဖရုံသီးကို ပိုင်းထိုးသည်။ ထိုသို့ သူ့အဆင့်နှင့် သူ မကျော်ဘဲ လုပ်မှသာ ရိုးရာနှင့် ညီသော အိမ်သစ်တက်ပွဲနှင့် နတ်ပူဇော်ခြင်း ဓလေ့က အောင်မြင်စွာ ပြီးဆုံးသည်။

သူ့အလုပ် ပြီးသည်နှင့် ဦးဗျားရယ်တယောက် အိမ်သို့ ကပျာကယာ သုတ်ခြေတင်ပြီး ပြန်လာရသည်။ အကြောင်းမှာ အိမ်တွင် အသက် ၇ နှစ် အရွယ် မနီးလော်မိန်း ဆိုသည့် မြေးကလေး တယောက်တည်း ကျန်ခဲ့သောကြောင့် ဖြစ်သည်။ မနီးလော်အဖို့ ဦးဗျားရယ်သာလျှင် အဖေ၊ ဦးဗျားရယ်သာလျှင် အမေ ဖြစ်သည်။ သူတို့ နေသည်က ငံရိုးရွာအပြင်ဘက် တမိုင်ခန့် ဝေးသော ခွန်းဒ၏ ကော်ဖီခြံတွင် ဖြစ်သည်။

ဦးဗျားရယ် ခြံပြန်ရောက်သည့်အခါ မြေးဖြစ်သူ မနီးလော်က အိမ်ပေါက်ဝလေးတွင် ထိုင်ငေးနေ၏။ သူ့အရွယ်လေးနှင့် ငေးငိုင် ထိုင်နေပုံမှာ ကလေးနှင့် မတူ၊ စိတ်ညစ်နေသော လူကြီးလေးနှင့်သာ တူနေ၏။ ခြံအပြင်ဘက်က ကျောင်းသွားသည့် တခြားကလေးများကို လှမ်းငေးကြည့်နေရင်း မနီးလော် တယောက် မျက်ရည်က ဝဲချင်ချင် ဖြစ်လာသည်။ ဦးဗျားရယ်သည် မြေးဖြစ်သူ၏ စိတ်သောကကို သိသည်။ သို့သော်လည်း သူ မတတ်နိုင်သည့်


mgyoe.com

mgyoe.com
SAMPLE BOOK
ကိစ္စမို့ ဦးဗျားရယ် တယောက် ဝမ်းနည်းရုံသာ တတ်နိုင်သည်။ ဦးဗျားရယ်က–

"ငါ့မြေး အဘိုး ပြန်လာပြီနော်၊ ငါ့မြေးလေး ဗိုက်ဆာပြီလား"

မနီးလော်က ခေါင်းကို ခါရမ်းပြရင်း–

"မဆာသေးပါဘူး အဘိုးရယ်"

"ဒါဆို အပြင်မှာ လေတိုက်တယ်၊ အိမ်ထဲ ဝင်ရအောင်လေ"

မနီးလော်က ဘာမှ ပြန်မပြောဘဲ ငြိမ်နေသေး၏။

"အဘိုး... သမီးလဲ ကျောင်းသွားချင်တယ်"

ဟု တယောက်တည်း ညည်းညူသလို ပြောလိုက်၏။ မနီးလော်က အသက် ၇ နှစ် ရှိပြီ ဖြစ်သော်လည်း သန်းခေါင်စာရင်း မရှိသောကြောင့် ကျောင်းအပ်၍ မရသေးခြင်း ဖြစ်သည်။ ဦးဗျားရယ်သည် ယင်းဘော်လူမျိုးစု ဖြစ်သော်လည်း မနီးလော်မိန်းကတော့ အဖေသွေး ပါသူမို့ ယင်းတလဲလူမျိုး ဖြစ်သည်။ ဦးဗျားရယ်က–

"သမီးရဲ့ လေးလေး ခွန်းဒကို အကူအညီ တောင်းထားတယ်၊ မကြာခင် ငါ့မြေး ကျောင်းတက်ရမှာပါ"

ဟု နှစ်သိမ့်ပေးရသည်။ သို့သော် မနီးလော်က သိသိသာသာ ပျော်ရွှင် မသွားပေ။ ဦးဗျားရယ်က မြေးဖြစ်သူကိုသာ နှစ်သိမ့်ရသော်လည်း သူ့စိတ်ထဲတွင်လည်း အားသိပ်မပါလှချေ။ ခွန်းဒသည် အလုပ်များသော သူဌေး တယောက် ဖြစ်သည်။ သူ့အလုပ်နှင့် သူပင် အပတ်မလည်သဖြင့် ထပ်ခါ ထပ်ခါ ပြောဆိုရမည်ကို ဦးဗျားရယ် အားနာနေမိသည်။

ထိုစဉ်မှာပင် မိုင်းတွင်းဆီက ခွန်းဒ ပြန်ရောက်လာ၏။ ဦးဗျားရယ်ကို ခွန်းဒက ကော်ဖီခြံတွင် ခြံစောင့်အဖြစ် ခန့်အပ်ထားခြင်း ဖြစ်သည်။ ခြံစောင့် ဆိုသော်လည်း အဖေ၊ အမေတို့ လက်ထက်မှာကတည်းက ယုံကြည်ရသူမို့ အရာရာကို မျက်နှာလွှဲထားနိုင်သည်။ ခရီးရောက်မဆိုက် မမေးလိုသော်လည်း ဦးဗျားရယ်က မြေးဖြစ်သူ မနီးလော် မပျော်မရွှင် ဖြစ်နေသည့်အတွက် ကျောင်းအပ်လက်ခံဖို့ အကူအညီ တောင်းထားသည့် အခြေအနေကို မေးမြန်းရတော့သည်။

သဘောကောင်းသော ခွန်းဒက မိုင်းတွင်း ကိစ္စတွေ ရှုပ်နေလို့ ပြည်နယ်ဝန်ကြီးနှင့် သွားမတွေ့ရသေးကြောင်း ပြောပြီး စိတ်ချဖို့နှင့် အမြန်


mgyoe.com

mgyoe.com SAMPLE BOOK
ဆုံး အဆင်ပြေအောင် ကူညီပေးမည့်အကြောင်း ပြောသည်။

"အခုလဲ အလုပ်ကိစ္စတခုနဲ့ နိုင်ငံခြား ခဏ သွားရဦးမယ်၊ ကလော အိမ်ကို ခဏဝင်ပြီး တခါတည်း ဆက်သွားမှာ" ဟု ပြောသည်။

ဦးဖျားရယ်လည်း ဘာမှ ဆက်ပြောဖို့ အခွင့်မသာတော့ဘဲ ခွန်းဒ၏ ဇနီး ဖြစ်သူ မူရာနှင့် သမီးလေးကို သတိရကြောင်း ပြောပေးဖို့ မှာလိုက်သည်။ သနားစရာ မနီးလော်လေးကတော့ မျက်နှာလေး ငယ်နေရှာ၏။

၆

ခွန်းဒ ကလောနေအိမ်သို့ ပြန်ရောက်လာသည်။ ထင်းရှူးမြေသည် ဟိုးအရင်က အတိုင်းပင် သူ့ကို နွေးထွေးစွာ ကြိုဆိုနေသည်။ ထုံးစံအတိုင်း ကလော၏ ရာသီဥတုက အေးအေးစက်စက်လေးနှင့်မို့ အအေးကြိုက်သော ခွန်းဒအဖို့ တော်တော် နေလို့ကောင်း၏။ ညနေ နေရောင်ကွယ်သည့်အခါ အအေးဓာတ်က သိသိသာသာ စိမ့်ထွက်လာ၏။ အိမ်ထောင်ကျပြီးနောက် သူတို့လင်မယား ကလောတွင် အခြေချဖြစ်သည်ကို မှန်လိုက်တာဟု ခဏ ခဏ တွေးမိရသည်အထိ ကလောသည် သူ့စိတ်ကို သာယာကျေနပ်မှု ပေးသည်။ အေးစက်စက် မနက်ခင်းတိုင်း ဇနီးဖြစ်သူ မူရာ လုပ်ကျွေးသော တို့ဟူးနွေး ပူပူလေးကို စားရခြင်းကိုလည်း ခွန်းဒ သဘောကျသည်။ အရင်က ကယား အစားအစာတွေကိုသာ မြိန်ရေယှက်ရေ စားတတ်သော ခွန်းဒက ယခု ရှမ်းစာတွေကိုလည်း ကြိုက်တတ်နေပြီ။ ကယားအစားအစာတွေ ဖြစ်သော ကယား ဝက်အူချောင်း၊ ကယားဟင်းထုပ်၊ ကယားပဲသီးထောင်း များကို စားရလွန်းသဖြင့် ငြီးငွေ့နေခြင်းလည်း ဖြစ်နိုင်သည်။ ဇနီးသည် မူရာ က ခွန်းဒ လိုအပ်သမျှ မယားဝတ္တရားနှင့်အညီ ခွန်းဒ လှည့်ကြည့်စရာ မလို အောင် ထောင့်စေ့သူ ဖြစ်၏။

မူရာသည် ရိုးသား အေးဆေးသူ ဖြစ်ပြီး အိမ်ထောင်ရှင်မ ဟူသော ဘွဲ့ကို အပြည့်အဝ လက်ခံထားသူလည်း ဖြစ်သည်။ မူရာ့အလုပ်က


mgyoe.com

mgyoe.com
SAMPLE BOOK
ယောကျ်ား ဖြစ်သူကို ပြုစုဖို့၊ ချက်ပြုတ်ကျွေးမွေးဖို့၊ အိမ်အလုပ်တွေ လုပ်ဖို့၊ ကလေးကို ပြုစုစောင့်ရှောက်ဖို့သာ ရှိပြီး အိမ်၏ စီးပွားရေး၊ ခင်ပွန်းသည်၏ အလုပ်ကိစ္စ စသဖြင့် ဘာတခုမှ မူရာ မသိပေ။ မူရာက ဇနီးသည် တယောက်သည် လင်ယောကျ်ား၏ ကျွန်အဖြစ်သာ ရှိနေပေးရမည်၊ ယောကျ်ား ဖြစ်သူထက် ဘာတခုမှ ပိုသိ ပိုတတ်စရာ မလိုဟု ခံယူထားပြီး သူကိုယ်သူ တဆင့်နိမ့်ကာ အမြဲဆက်ဆံသည်။ သူ့အယူအဆ မှားသည်၊ မှန်သည်ကို မူရာက မည်သူနှင့်မျှ မငြင်းခုန်လိုချေ။ ဘာကြောင့်ဆိုလျှင် သူ့အယူအဆသည် ချစ်ခြင်းကို မြစ်ဖျားခံလာခြင်းကြောင့် ဖြစ်သည်။

အခုလည်း ယောကျ်ားဖြစ်သူ ခွန်းဒက ခရီးထွက်ရမည် ဆိုသောကြောင့် အဝတ်အစားများ ထည့်ပေးခြင်း၊ ဆေးဝါးတချို့နှင့် မာဖလာ အနွေးထည်ပင် မကျန် လိုလေသေးမရှိ လုပ်ကိုင်ပေးသည်။ ဘယ်နှရက် ကြာမှာလဲ၊ ဘယ်တော့ ပြန်လာမှာလဲ၊ ဘာကိစ္စလဲ မူရာက အသေးစိတ် ဘာတခုမှ မမေး။ ယောကျ်ားကိုသာ ပုံအပ်ထားသူ ဖြစ်သည်။ မူရာက သူ့ဘဝကို ယောကျ်ားနှင့် သမီးအတွက်သာ မြှုပ်နှံထား၏။

ခွန်းဒက သမီးကို ပွေ့ဖက်နမ်းရှုံ့ပြီး နှုတ်ဆက်လျှင် သမီးဖြစ်သူက တောင် 'ဖေဖေ ဘယ်တော့ ပြန်လာမှာလဲ...၊ သမီးက ဖေဖေ့ကို လွမ်းနေတော့မှာပဲ...၊ ဖေဖေက တခါမှလဲ အိမ်မှာ အကြာကြီး မနေဘူး' စသဖြင့် စကားနာ ထိုးတတ်သေး၏။ ထိုအခါ ဖခင်ဖြစ်သူက စကားတတ်သော သမီးကို သဘောကျကာ ပိုပို ချစ်လာမိရသည်။ ခွန်းဒ၏ ဘဝသည် ထိုဇနီးနှင့် သမီးအပေါ်တွင်သာ ပုံထားသည်။ ဒါကြောင့် အချိန်ရလျှင် ရသလို ခွန်းဒ ကလောအိမ်ကို ပြန်လာသည်။ တနေ့တခါမှ ဖုန်းမဆက်ရလျှင် ခွန်းဒ မနေတတ်ချေ။ စီးပွားရေးအရ အောင်မြင်သော ယောကျ်ားတယောက် ဖြစ်ရုံမက သိပ်လှသော ဇနီးနှင့် ချစ်စရာကောင်းသော သမီးလေးကို ပိုင်ဆိုင်ထားသဖြင့် ခွန်းဒတယောက် ဂုဏ်ယူမဆုံး ဖြစ်နေ၏။ သူ့ဘဝတွင် တခြားဘာမျှ မလိုလောက်အောင်ပင် ပြီးပြည့်စုံသလို သူ ခံစားနေရသည်။

ညဘက် မိသားစု အတူတူရှိနေစဉ် သမီးဖြစ်သူက သူ၏ ခဲဖျက်လှလှလေး ကိုင်ကာ-

"မေမေရေ... ဟောဒီမှာ... သမီးရဲ့ ခဲဖျက်လေး ပြန်တွေ့ပြီ"


mgyoe.com

mgyoe.com SAMPLE BOOK

ဟု ဝမ်းသာအားရ ပြော၏။ ခွန်းဒကတော့ အဆက်အစပ် မရှိသဖြင့် သမီး ပြောသည်ကို ရုတ်တရက် နားမလည်။ မိခင်ဖြစ်သူ မူရာက-

"ဟင်း... မေမေ မပြောဘူးလား၊ သမီး အထားမှားတာ ဖြစ်မှာပါလို့...။ မောင့်သမီး ဒီနေ့ ကျောင်းမှာ သူ့ခဲဖျက် ပျောက်လို့ဆိုပြီး အတန်းဖော် ကောင်မလေး တယောက်ကို သွားစွပ်စွဲတယ်လေ၊ သူ့ဘာသာ အထားမှားတဲ့ ဥစ္စာကိုပဲ"

ဟု ပြောပြ၏။ ဇနီးဖြစ်သူ ပြောမှ ဇာတ်ရည်လည်သွားသော ခွန်းဒက ကွန်ပျူတာရှေ့ ထိုင်ကာ အလုပ်လုပ်နေရင်း ခဏရပ်ကာ-

"ဟုတ်လား သမီး၊ ဒါဆိုရင် သမီး မှားတာပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

"သမီး... မနက်ဖြန် အဲဒီသူငယ်ချင်းကို ပြန်တောင်းပန်ရမယ်၊ ကြားလား သမီး"

ဟု အလေးအနက် ပြောရာ သမီးဖြစ်သူက မျက်မှောင်လေး ကုတ်ကာ ငြိမ်သွားသည်။ ပြီးမှ-

"ဟင့်အင်း... မတောင်းပန်ချင်ပါဘူး၊ ဒီခဲဖျက်လေးကို သူ မယူပေမယ့် အရင်က ပေတံလေးကိုတော့ သူ ယူတာ အမှန်ပဲ"

ဟု စကားနာထိုး၏။ ခွန်းဒက-

"မဟုတ်ဘူး၊ ခဲဖျက်ကို သူ မယူဘူးလေ၊ မယူဘဲ ကိုယ်က သူခိုး စွဲမိတာလေ။ ဒီတော့ သမီးမှာ သူ့ကို ပြန်တောင်းပန်ဖို့ တာဝန်ရှိသွားပြီ။ သမီး... လူဆိုတာ ကိုယ့်တာဝန်ကို ကိုယ်ယူရတယ်။ ကိုယ်က မှားနေရင် အဲဒီအမှားရဲ့ တာဝန်ကို သမီး ယူတတ်ရမယ်။ ကိုယ့်ကြောင့် သူ နစ်နာသွားတာကို တကယ်ဆို သမီးက မုန့်ကျွေးပြီးတောင် ပြန်တောင်းပန်သင့်တာ"

ဟု တဆက်တည်း ဆုံးမလိုက်သည်။ သမီးဖြစ်သူက နားလည်သွားသော်လည်း ခွန်းဒ ပြောသည်ကို သိပ်မကျေနပ်သေးပုံနှင့် မျက်မှောင်လေးကို ကုတ်မြဲ ကုတ်ထားသည်။ ဘာမှတော့ ပြန်မပြော။

၅


mgyoe.com

မနက်ဖြန် မနက်စောစော လေဆိပ်ဆင်းရမည် ဖြစ်သော်လည်း ခွန်းဒက မနားနိုင်သေး။ Laptop ဖွင့်ကာ စိတ်အေးလက်အေး အလုပ်လုပ်နေ၏။ သူ သည်လို စိတ်ချလက်ချ အလုပ်ထဲ အာရုံစိုက်ခွင့် ရအောင် ဇနီးဖြစ်သူ မူရာက အားလုံး လိုလေသေးမရှိ ပံ့ပိုးကူညီပေးသည်။ လိုအပ်သမျှကို စဉ်းစားရင်း ခွန်းဒလို အကောင်အထည်ဖြင့် အလုပ် လုပ်နေသည်ဟု မပြနိုင်သော်လည်း မူရာ၏ ခေါင်းကိုတော့ တချိန်လုံး အလုပ်ပေးထားရသည်။ ယောကျ်ားဖြစ်သူ ခရီးထွက်ဖို့ အဝတ်အစား ထည့်သိုခြင်း၊ လိုအပ်သည့် ပစ္စည်းတခု မကျန် ပါအောင် စီမံပေးရ၏။ မေ့ကျန်မှာကိုလည်း စိုးရသေးသည်။ ဒါနှင့်ပင် စစ်ရင်းဆေးရင်း ယခုထိတိုင် မအားနိုင် ဖြစ်နေတော့သည်။ ထိုအချိန်မှာပင် သမီးဖြစ်သူက တဖက်အိမ်က နယ်ကျော်လာသော ကြောင်ပေါက်လေး တကောင်ကို မနိုင်မနင်း ချီကာ အိပ်ခန်းထဲ ဝင်လာ၏။ မူရာက အဝတ်အစား ထည့်နေရင်း လှမ်းမြင်လိုက်သောကြောင့် အလန့်တကြားဖြင့် အော်လိုက်သည်။

"ဟဲ့... ဟဲ့... သမီး လွတ်ကျသွားလိမ့်မယ်၊ မချီနဲ့ ပြန်ချ"

သို့သော် သမီးဖြစ်သူက နားမထောင်ဘဲ-

"သမီး ချီထားချင်လို့ပါ မေမေရဲ့"

ဟု ပြောနေစဉ်မှာပင် ကြောင်က သမီးဖြစ်သူ၏ လက်ထဲမှ ရုန်းခြင်းကြောင့် လွတ်ကျသွား၏။ အကျမတော်သဖြင့် ကြောင်လေး ခြေထောက် နာသွားတော့သည်။ ထိုမြင်ကွင်းကို ခွန်းဒကလည်း မြင်သည်။ ဒါနှင့် ခွန်းဒက-

"သမီးကြောင့် ကြောင်လေး ခြေထောက်နာသွားပြီ။ အဲဒီ ကြောင်လေး ခြေထောက် သက်သာတဲ့အထိ ဆေးထည့်ပေးရမယ်"

ဟု ပြောပြီး ကိုယ့်ကြောင့် သူတပါး နစ်နာသည့်အခါ တာဝန်ယူတတ်သည့် စိတ်ကို ပျိုးထောင်ပေးသည်။ စီးပွားရေးတင်မက သားသမီးဆုံးမမှုမှာပင် တော်သော ယောကျ်ားဖြစ်သူ ခွန်းဒကို မူရာတယောက်


mgyoe.com

mgyoe.com SAMPLE BOOK

လေးစားပြီးရင်း လေးစားသလို ပိုလည်း ချစ်မိရသည်။ ဒါနှင့် မူရာက ခွန်းဒကို ပြုံးပြီး ကြည့်နေမိ၏။ ဒါကို ခွန်းဒက သတိထားမိသွားပြီး-

"ဟိတ် ကောင်မလေး ဘာကြည့်နေတာလဲ၊ ကိုယ့်ယောကျ်ားကို မမြင်ဖူးဘူးလား"

ဟု ရှက်ကိုးရှက်ကန်း လှမ်းပြောလိုက်၏။ မူရာ ပိုပြီး ရယ်ချင်သွားသည်။ ခွန်းဒက ငယ်ငယ်ကတည်းက ရှက်တတ်သည်။ ချစ်သူဘဝမှာကတည်းက မူရာက ထိုသို့ စိုက်ကြည့်နေပြီ ဆိုလျှင် နားရွက်ဖျားတွေ ရဲလာပြီး ပါးတွေကလည်း နီတွတ်လာသည်။

ထိုအကျင့်လေးက မူရာတို့ အိမ်ထောင်သက် ၁၀ နှစ်ထိတိုင် မပျက်မယွင်း ခွန်းဒဆီမှာ တွေ့နေရသေးသောကြောင့် မူရာ ကျေနပ်မိသည်။

ဖ ဖ ဖ


mgyoe.com

mgyoe.com SAMPLE BOOK

( ၄ )

ငုရွှေဝါသွယ် ဦးဆောင်သော အမေရိက အခြေစိုက် INGO အဖွဲ့ အစည်းက ကယားပြည်နယ်တွင်း ရပ်ရွာများအတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေးစစ်တမ်း ကောက်ယူသည့် လုပ်ငန်းများ အကောင်အထည် ဖော်ရန် ငံရိုးရွာသို့ ရောက်လာမည် ဖြစ်ကြောင်း လွန်ခဲ့ သည့် တပတ်ခန့်ကတည်းက ရွာမှ တာဝန်ရှိ လူကြီးကို သတင်းပို့ထားပြီး ဖြစ်သည်။ ထို့ကြောင့် ကျေးရွာလူကြီးများက အသင့် စီမံထားသည်။ ဟော ပြောမှုကို နားထောင်ဖို့ ရွာသူ၊ ရွာသားတွေကိုလည်း စုထားပြီး ဖြစ်သည်။ ရွာသူရွာသားများသည် ရွာလူကြီး ခေါ်သဖြင့်သာ လာကြရသည်။ ပြည်သူ့ ကျန်းမာရေး စောင့်ရှောက်မှု ဟောပြောပွဲ ဆိုသည်မှာ သူတို့နှင့် စိမ်းသက်လှ သည်။

ပြောထားသည့် အတိုင်းပင် အချိန်တိကျစွာဖြင့် ငုတို့အဖွဲ့ ရောက် လာကြ၏။ ချောမောလှပသော ဆရာဝန်မလေးကို ကြည့်ရင်း ရွာသူ ရွာသား များက စိတ်ဝင်တစား အာရုံစိုက်ပြီး နားထောင်တော့သည်။ အကြောင်း အရာကို စိတ်ဝင်စား၍ မဟုတ်ဘဲ ရုပ်ရှင်မင်းသမီးတမျှ ချောမောကြသော



mgyoe.com

mgyoe.com SAMPLE BOOK

ကြောင့် မမြင်ဖူးသလို ငေးကြည့်နေကြသည်။ ၎တို့ အဖွဲ့က ရွာအတွက် လှူဒါန်းမည့် ဆေးဝါးများကိုလည်း စားပွဲပေါ်တွင် အသင့် တင်ထားသည်ကို မြင်နေရသော်လည်း သူတို့အဖို့ ပျော်ရကောင်းမှန်း မသိကြချေ။ ၎က သူ ကိုယ်သူ စတင် မိတ်ဆက်လိုက်၏။

"ကျွန်မ နာမည်ကတော့ ဒေါက်တာ၎ရွှေဝါသွယ် လို့ ခေါ်ပါတယ်။ ကျွန်မက ကယားပြည်နယ်တွင်း ရပ်ရွာများအတွက် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ကျန်းမာရေးစစ်တမ်း ကောက်ယူမယ့် လုပ်ငန်းတွေကို အကောင်အထည် ဖော်ဖို့ တာဝန်နဲ့ ရောက်လာခဲ့တာပါ။ ကျွန်မတို့ တခြား အဖွဲ့သားတွေလဲ ဆေးဝါးတွေ၊ B ပိုး C ပိုး ကာကွယ်ဆေးတွေနဲ့အတူ ထပ်ပြီး ရောက်လာဖို့လဲ ရှိပါတယ်။ သူတို့ မရောက်ခင် ကျွန်မက ဟောဒီရွာ က လူကြီးများ အကြီးအကဲများနဲ့ တွေ့ဆုံပြီး အရင် အကြောင်းကြားထားတာ ဖြစ်ပါတယ်ရှင့်"

ရွာသူရွာသား အားလုံးက စိတ်ဝင်တစား နားထောင်နေကြသည်။ ရပ်ရည်ချောမော လှပရုံသာမက အပြောချိုချို ဆရာဝန်မလေးကို ငေးကြည့် ရင်း သူတို့ ရောဂါ တဝက် သက်သာသွားသလိုပါပင်။ နယ်က လူများသည် ဆေးရုံ၊ ဆေးခန်း ဆိုလျှင် အင်မတန် ကြောက်ကြသည်။ ဆေးရုံ၊ ဆေးခန်း သွားရမှာကို သေရမှာထက် ပိုကြောက်သော လူတွေမို့ ယခုလို ဆေးအဖွဲ့က အိမ်တိုင်ရာရောက် ကုသပေးမည် ဆိုသောကြောင့် တချို့က စိတ်ပါဝင်စား နားထောင်နေကြခြင်း ဖြစ်သည်။ တချို့ကတော့ 'မလိုပါဘူး၊ တို့ တောသူ တောင်သားတွေက နေကောင်းသားပဲ၊ ကိုယ့်ဘာသာ နေတာ အကောင်း၊ စစ်လိုက်တော့မှ ဟိုရောဂါ ပေါ်လာ၊ ဒီရောဂါပေါ်လာနဲ့ အလုပ်ရှုပ်တယ်။ လူပဲ သေချိန်တန် သေမှာပဲ'ဟု ပြောကြ၏။ ကျေးလက်တောရွာများ၏ ကျန်း မာရေး အသိရေချိန်ကို မြင်လိုက်ရသဖြင့် ၎ စိတ်မကောင်း ဖြစ်သွားသည်။

"ကျွန်မ သိရသလောက် မြန်မာပြည်ရဲ့ ခေါင်တဲ့ တချို့ရွာတွေမှာ ကျန်းမာရေးအသိနဲ့ ပတ်သက်တာတွေ၊ ဆေးဝါး သုံးစွဲတာတွေမှာ မှားယွင်း နေတာမျိုးတွေ ရှိနေတယ်လို့ သိရတယ်။ အဲဒီအတွက်လဲ ကျန်းမာရေး ဝန်ထမ်းတယောက် အနေနဲ့ ကျွန်မ များစွာ စိတ်မကောင်း ဖြစ်မိပါတယ်"

တချို့က ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံကြသည်။ ထိုစဉ် ရွာ


mgyoe.com

mgyoe.com

လူကြီး တယောက်က ထပြော၏။

"ဟုတ်ပါတယ်… ကျွန်တော့်ရွာမှာလဲ ဒါမျိုးတွေ ရှိပါတယ်။ ပါရာစီတမောကို ပဲလှော်ဝါးသလို ဝါးစားနေတာမျိုး၊ အကိုက်အခဲပျောက်ဆေးတွေကို တရားလွန် သုံးစွဲနေတာမျိုးတွေ ရှိနေတယ်။ အခုလို ဒေါက်တာတို့ရောက်လာပြီး ပညာပေးတာကို ကျွန်တော်တို့က ကြိုဆိုပါတယ်ဗျာ"

ရွာခံလူကြီးဆီမှ ထိုအပြောကြောင့် ငုတို့ တဖွဲ့လုံး အားတက်သွားကြသည်။

"ဟုတ်ကဲ့…. ဝမ်းသာပါတယ်ရှင့်"

ထို့နောက် ငုတို့ အဖွဲ့က ရွာထဲတွင် လှည့်လည်ကာ သက်ကြီးများအတွက် တအိမ်တက် တအိမ်ဆင်း ကျန်းမာရေး စောင့်ရှောက်မှု ပေးသည်။ ကြည်ကြည်ဖြူဖြူ ခံယူသူများ ရှိသလို ပြုံပြုံစုစုဖြင့် သွေးပေါင်ချိန်သည်ကို လက်မခံသော လူကြီးတွေလည်း ရှိသည်။ ရပ်မိရပ်ဖအဖြစ် လိုက်ပါရသော ဦးဖျားရယ်က သူ့မြေးမလေးကိုပါ လိုက်ပြီး စစ်ဆေးပေးစေချင်ကြောင်း ငုကို ပြော၏။ ငုက-

"စစ်ဆေးပေးမှာပေ့ါ၊ ဦးလေးတို့ အိမ်ရှေ့ ရောက်ရင် ဝင်လေ"

"ဦးလေးတို့ အိမ်က ရွာထဲမှာ မဟုတ်ဘူး ဆရာမလေးရဲ့"

ဦးဖျားရယ် အပြောကြောင့် ငုက အံ့သြသွားပြီး-

"ဦးလေးက ဘယ်မှာ နေတာလဲ"

ဟု မေးရာ ဦးဖျားရယ်က မျက်နှာ အနည်းငယ် ညှိုးသွားပြီး-

"ရွာအပြင်ဘက်က ကော်ဖီခြံမှာ ဦးလေးက ခြံစောင့် လုပ်ပါတယ်ကွယ်၊ ဦးလေးရဲ့ မြေးလေးလဲ အဲဒီမှာပဲ နေပါတယ်"

ဟု ပြောသည်။ ငုတို့ ရောက်သွားသည့် အချိန်က မနက် ၁၁ နာရီခွဲခန့် ရှိနေပြီ။ ခြံထဲ ရောက်တော့ ကလေးမလေးကို တွေ့၏။ ကလေးမလေးက သိပ်ပြီး လန်းဆန်းပုံ မပေါက်ဘဲ နေမကောင်းဖြစ်နေသည့် ပုံစံကြောင့် ငုက ကလေးမလေး၏ နဖူးကို စမ်းကာ-

"သမီး… ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

ဟု မေးမိ၏။ ကလေးက ဘာမှ ပြန်မဖြေ။ ဦးဖျားရယ်ကသာ ဝင်ဖြေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်ကဲ့ ဆရာမလေး... ကျွန်တော့် မြေးလေးပါ၊ ကြဲကြဲဖန်ဖန် ကစားရင်း သံလိုက်တုံးလေး မြိုချမိသွားလို့"

"အိုး မိုင်ဂေါ့... ဟုတ်လား၊ ဆေးရုံမသွားဘူးလား"

"သွားတယ်... ဒီဘက်က တိုက်နယ်ဆေးရုံဆိုတော့ ပစ္စည်းကိရိယာ မစုံလို့လား မသိဘူး၊ သံလိုက် ဘယ်နေရာမှာ ရှိနေလဲ ဆိုတာ စမ်းလို့ မရဘူး ဖြစ်နေတယ်"

"ရန်ကုန်ဆေးရုံကြီးကို သွားဖို့တော့ လွှဲထားတယ်။ ကျွန်တော့် သူဌေးကိုလဲ အကြောင်းကြားထားပြီးပါပြီ။ သူ ပြန်လာရင်တော့ ပို့ပေးမယ် ထင်တယ်"

"ဩော်... စောင့်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ သူက သံလိုက် မြိုမိတာ ဆိုတော့ အာထရာဆောင်းလည်း ရိုက်လို့ မရဘူးလေ။ သံအချင်းချင်း ဆွဲပြီး သူ့ဗိုက်ကြီး ပွင့်ထွက်သွားမှာပေါ့။ လာ... ကျွန်မ လုပ်ပေးမယ် လွယ်လွယ်လေး"

ဦးဗျားရယ်က ၎ ပြောပြနေသည်ကို နားလည်သလိုလို နားမလည်သလိုလိုနှင့် ကြောင်တိကြောင်ငေး ဖြစ်နေ၏။ ၎ရွှေဝါသွယ်က ပြောပြီး ကလေးကို မတ်တတ်ရပ်ခိုင်းကာ အနီးအနားရှိ သံပစ္စည်းတခုခုဖြင့် ကလေး ဗိုက်ကို လိုက်စမ်းသပ်သည်။ ထို့နောက် အစာဟောင်း အိမ်ဘက်တွင် အပြင်က သံကို ဆွဲငင်လိုက်သလို ဖြစ်သွားသောကြောင့်-

"ဟော... ဒီနားမှာ... တွေ့ပြီ စိတ်မပူနဲ့ ဦးလေး၊ ကလေး ဝမ်းသွားရင် ပြန်ပါသွားလိမ့်မယ်"

"ဟင်... ဟုတ်လား ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်"

ထို့နောက် မနီးလော်အတွက် သံချဆေးနှင့် တခြား လိုအပ်သည့် ဆေးကုသပေးပြီးနောက် မနီးလော်ကို ၎က-

"သမီးက ဘယ်နှတန်း ရောက်ပြီလဲ"

ဟု ဘာရယ်မဟုတ် မေးလိုက်မိသည်။ မနီးလော်က သွေးပေါင်ချိန်နေရင်း မျက်နှာလေး ပျက်ကာ အဖိုးဖြစ်သူကို ကြည့်လိုက်သည်။ ထိုအခါ ဦးဗျားရယ်က အကျိုးအကြောင်း ပြောပြ၏။ မနီးလော်မှာ သန်းခေါင်စာရင်း မရှိသောကြောင့် ကျောင်းအပ်၍ မရသေးခြင်း ဖြစ်ကြောင်း ပြောပြရာ ၎က


mgyoe.com

အံ့ဩသွားရင်း တဆက်တည်း ကလေးမလေးကိုလည်း သနားသွားသည်။ ဦးဗျားရယ်က ဆက်ပြောသည်။

"သူ့အဖေက ကယန်းလက်နက်ကိုင် ဖြစ်ခဲ့တာ ဆိုတော့ သန်းခေါင်စာရင်း လုပ်ဖို့ ခက်ခဲနေတာ ဆရာမလေးရယ်"

ငုရွှေဝါသွယ် စိတ်မကောင်းဖြစ်သွားပြီး ကလေးမလေးကို ကြည့်လိုက်၏။ မနီးလော်သည် တကယ်ပင် အရွယ်နှင့် မလိုက်အောင် ညှိုးငယ်နေရှာသည်။ အပြုံးအရယ် တစက်မှ မရှိ၊ စကားတခွန်းမှ မပြောသော ကလေးတယောက်၏ စိတ်ဒဏ်ရာသည် မသေးလှဘူး ဆိုသည်ကို ငု ခန့်မှန်းမိသည်။ ငုတို့ အဖွဲ့၏ ရည်ရွယ်ချက်က ကျန်းမာရေးစစ်ဆေးမှု ပရောဂျက် ဖြစ်သည်။ ပညာရေး မပါ။ ငုက ငယ်ငယ်ကတည်းက အမေရိကားမှာပင် မွေးပြီး ကြီးပြင်းလာသည်မို့ မြန်မာနိုင်ငံ၏ ပညာရေးကို သိပ်တော့ ထဲထဲဝင်ဝင် နားမလည်။ သို့သော်လည်း ကျောင်းတက်ချင်ပြီး တက်ခွင့်မရသော ကလေးမလေးကို သူ တခုခုတော့ ကူညီပေးချင်မိသည်။ လောလောဆယ် အကြံ မရှိသေးသော်လည်း မနီးလော် ကျောင်းတက်ခွင့်ရအောင် ကူညီမည်ဟု ကတိပေးလိုက်၏။ ကတိပေးပြီးနောက် သိပ်မလွယ်ကူဘူး ဆိုသည်ကို သိသော်လည်း ငုက သူ တတ်နိုင်သမျှတော့ လုပ်ပေးချင်မိသည်။ ဒါနှင့် မြန်မာအသိမိတ်ဆွေတွေက တဆင့် အစိုးရပိုင်းထိပါ ပေါက်ရောက်သူကို ဆက်သွယ်သည်။ တဆင့်စီ တဆင့်စီ ခက်ခက်ခဲခဲ ဆက်သွယ် ချိတ်ဆက်ပြီးနောက် တပတ် ဆယ်ရက်အတွင်းမှာပင် ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း တကျောင်းတွင် ထောက်ခံစာဖြင့် ကျောင်းအပ်လက်ခံမည် ဆိုသော အဖြေစကားကို ပြန်ရခဲ့သည်။

ငုရွှေဝါသွယ်က မနီးလော်သည် ပုဂ္ဂလိကကျောင်းတွင် ကျောင်းအပ်ခွင့် ရပြီဖြစ်ကြောင်း သတင်းလာပေးရင်းနှင့် ကျောင်းအပ်ရာတွင် လိုအပ်မည့် ကုန်ကျစရိတ် အားလုံးကိုလည်း ငုက ပေးလှူမည်ဖြစ်ကြောင်း ပြောရာ မနီးလော် ပျော်သွား၏။ တချိန်လုံး ညှိုးငယ်နေသော မျက်လုံးလေးများသည် ထိုသတင်းစကားကို ကြားပြီးနောက် စိန်လို လက်သွား၏။ ဦးဗျားရယ်ကလည်း ငုရွှေဝါသွယ်ကို ကျေးဇူးစကား အထပ်ထပ် ဆိုရင်း မနီးလော်အတွက် ပျော်ကာ မျက်ရည်ကျသည်။ ရိုးသားဖြူစင်သော


mgyoe.com

mgyoe.com SAMPLE BOOK
တိုင်းရင်းသား မြေးအဘိုးအား ကူညီပေး လိုက်နိုင်သဖြင့် ငွေရှေ့ဝါသွယ်လည်း အတိုင်းထက် အလွန် ပီတိဖြစ်မိသည်။ ဒါသည်ပင်လျှင် မြန်မာပြည်အတွက် ငှ လုပ်ပေးနိုင်ခဲ့သော ကောင်းမှုကုသိုလ်တခုဟု မှတ်ယူသည်။

ဖ

ထိုအချိန်က ခွန်းဒက နိုင်ငံခြားက ပြန်မရောက်သေးချေ။ သို့သော် တပတ်တခါတော့ ဦးဗျားရယ်ဆီသို့ ဖုန်းဆက်ပြီး မေးလေ့ရှိသည်။

ညဘက် ခြံတံခါးကို လုံလုံခြုံခြုံ ပိတ်ပြီး အိပ်ဖို့ မှာရင်း ခွန်းဒက မနီးလော်၏ ကျန်းမာရေးကို မေးသည်။ ဦးဗျားရယ်က INGO က ဒေါက်တာမလေး ကုပေးပုံကို ပြောလိုက်ရာ ခွန်းဒ အံ့သြလေးစားသွား၏။ ထို့ပြင် ဦးဗျားရယ်က မနီးလော်မိန်း ကျောင်းတက်လို့ ရပြီဖြစ်ကြောင်း ဝမ်းသာအားရ ပြောပြသည်။ ထိုဒေါက်တာမလေးကပင် ကူညီပေးသွားခြင်း ဖြစ်ကြောင်း ပြောရာ ခွန်းဒ ထပ်ပြီး အံ့သြသွား၏။ သူတောင် မလုပ်နိုင်သည့် အလုပ်တခုကို အချိန်ခဏလေးနှင့် အောင်မြင်အောင် လုပ်ပြသွားသော ထို အမျိုးသမီးကို သူ စိတ်ထဲက လေးစားသွားသည်။ ထက်မြက်သော အမျိုး သမီး တယောက်ပဲဟု မှတ်ချက်ပြုမိသည်။

"သူတို့အဖွဲ့အစည်းက ကျန်းမာရေးရော၊ ပညာရေးရော နှစ်မျိုး စလုံးနဲ့ ပတ်သက်ပြီး လာတာလား"

ဟု မေးရာ ဦးဗျားရယ်က-

"မဟုတ်ဘူး၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုနဲ့ ဆေးဝါးလှူဒါန်း ခြင်း စတဲ့ ကိစ္စတွေ ဆောင်ရွက်ဖို့ တခုတည်းပဲ ခွန်းဒရဲ့။ အခု သူတို့ လွိုင်ကော်မှာ အခြေစိုက်နေတယ်"

ဟု ပြောပြသည်။ ခွန်းဒက "ဪ... Medical Coordinator တွေ ထင်ပါရဲ့" ဟု တွေးလိုက်မိပြီး ထိုအမျိုးသမီးနှင့် တွေ့ပြီး ကျေးဇူးတင် စကား ပြောဦးမှပဲ ဟု စိတ်ထဲ တေးကာ မှတ်ထားလိုက်မိသည်။

ဖ ဖ ဖ


mgyoe.com

mgyoe.com SAMPLE BOOK

## ( ၅ )

ရာသီဥတုက ညနေစောင်းမို့ သိပ်တော့မပူ။ နေ့ အကြွင်းအကျန် ရောင်နီဝါက ပြောပလောက်အောင် မပူသော်လည်း အပူကတော့ မသက်သာသေးချေ။ အပြင်မှာ မအေးသော်လည်း ခွန်းဒ၏ ကော်ဖီခြံထဲတွင်တော့ အရိပ်ရသည့် အပင်များကြောင့် နေရောင်လုံကာ အေးစိမ့်စိမ့်လေး ဖြစ်နေသည်။ ခပ်ဝေးဝေးသို့ လှမ်းကြည့်လျှင် ဒီမောဆို တောင်တန်းကြီးသည် ပြာရီအုံ့မှိုင်းကာ ညို့နေ၏။ ညနေခင်း အိပ်တန်းပြန် ငှက်တအုပ် ပျံသန်းသွားသည်။

ရွှေညိုရောင် အလင်းစက်များ စိမ့်ယိုထွက်ကျနေသော သစ်ပင်အောက်တွင် မြေအဘိုးနှစ်ယောက် လွတ်လွတ်လပ်လပ် ထိုင်ရင်း ဦးဗျားရယ်က အသက် ၇ နှစ် ပြည့်ပြီဖြစ်သော မြေးမလေးအတွက် စုဆောင်းထားသည့် ငွေစလေးများဖြင့် ကြေးခွေ ဝယ်ကာ ပတ်ပေးသည်။ တိုက်တိုက်ဆိုင်ဆိုင် ကလေး သံယောဇဉ်ဖြင့် ငုကလည်း ရောက်နေစဉ် ဖြစ်သည်။

လည်ပင်းတွင် ငါးခွေနှင့် ဒူးအောက်တွင် လေးခွေ ပတ်ပေး၏။ ဆင်းရဲသားတယောက်အဖို့ ကြေးခွေပတ်ပေးခြင်းသည် အလွန် ကြိုးစားရသော အခွင့်အရေး ဖြစ်သည်။ ပုံမှန်ဆိုလျှင် ဦးဗျားရယ်အဖို့ မြေးဖြစ်သူကို ကြေးခွေ ပတ်ပေးနိုင်မည် မဟုတ်။ ခွန်းဒက သူတို့ မြေးအဘိုးကို အလုပ်ပေး



mgyoe.com